
တူဒေးစာအုပ်တိုက်




mgyoe.com SAMPLE BOOK

# ဗိုလ်ချုပ်ကြီးပက်တန်၏ တစ်မိနစ် အမှာစကား

မင်းပထူး

mgyoe.com

## PATTON'S ONE-MINUTE MESSAGES

Charles M. Province

တူဒေးစာအုပ်တိုက်
အတွေးအမြင်စာစဉ်(၁၉)


mgyoe.com SAMPLE BOOK

ဗိုလ်ချုပ်ကြီးပက်တန်၏

# တစ်မိနစ်အမှာစကား

မင်းဗထူး

လူတစ်ယောက်သည်
လေ့လာခြင်း၊ စဉ်းစားတွေးခေါ်ခြင်း၊
အလုပ်လုပ်ခြင်း၊ သင်ယူခြင်းတို့ကို
ဘယ်တော့မျှ ရပ်မထားရပါ။
မှားယွင်းသော အလုပ်တစ်ခုလုပ်မိလျှင်
ထိုအလုပ်မှ သင်ယူပါ။
မှန်ကန်သောအလုပ်တစ်ခု လုပ်နိုင်ခဲ့လျှင်
ထိုအလုပ်မှ ယုံကြည်မှုနှင့် ထိုးထွင်းသောအမြင်
ရယူနိုင်သည်။
ယခုလက်ရှိ မိမိအခြေအနေထက်
ပိုမိုကောင်းမွန်ပြီး ကြီးကျယ်မြင့်မြတ်သော
ရည်မှန်းချက်ကို ဘယ်တော့မျှ
လက်မလွှတ်ပါနှင့်။



PATTON'S ONE-MINUTE MESSAGES

Charles M. Province

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

**တူဒေးစာအုပ်တိုက်**

အမှတ် H ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၉၁၊ ၅၀၇၃၉၂
စာတိုက်သေတ္တာအမှတ် - ၁၁၀၅၁
အမှတ်-၄၊ ၂၆ ဘီလမ်း၊ ၇၈ × ၇၉ လမ်းကြား၊
မိုးရထားတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၉၁၀ ၂၇၅၂၄။

mgyoe.com

mgyoe.com SAMPLE BOOK

တူဒေးစာအုပ်တိုက်
ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ (၅၀၀)
တန်ဖိုး (၃,၀၀၀) ကျပ်
မျက်နှာဖုံးဒီဇိုင်း
သန်းစိုး
ထုတ်ဝေသူ
တူဒေးစာအုပ်တိုက်
အမှတ် စီ-၂၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
တူဒေးပုံနှိပ်တိုက်
အမှတ် စီ-၂၊ အဏ္ဏဝါလမ်းသွယ်(၂)၊ ညောင်တန်းအိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တူဒေးစာအုပ်တိုက်

စာမူ မူပိုင်© - တူဒေးစာအုပ်တိုက်

၉၂၃

မင်းဗထူး
ဗိုလ်ချုပ်ကြီးပက်တန်၏တစ်မိနစ်အမှာစကား၊ မင်းဗထူး။
—— ရန်ကုန်၊ တူဒေးစာပေ၊ ၂၀၁၂။
၁၄၁ စာ၊ ၂၀ စင်တီ။ —— (အတွေးအမြင်စာစဉ် - ၁၉)
မူရင်းအမည် - Patton's One-Minute Messages
(၁) ဘာသာပြန်သူ - မင်းဗထူး
(၂) ဗိုလ်ချုပ်ကြီးပက်တန်၏တစ်မိနစ်အမှာစကား

mgyoe.com

mgyoe.com SAMPLE BOOK

အတွေးအမြင်စာစဉ် (၁၉)

# ဗိုလ်ချုပ်ကြီးပက်တန်၏ တစ်မိနစ်အမှာစကား

မင်းပထူး

**PATTON'S ONE-MINUTE MESSAGES**

**BY**

CHARLES M. PROVINCE

mgyoe.com

mgyoe.com SAMPLE BOOK

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

---

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရေး။

---

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

---

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


ထုတ်ဝေသူအမှာ

ဘာသာပြန်သူ၏ဝန်ခံချက်

ကျမ်းဦးစကား

- နိဒါန်း ..... ၁
- ဗိုလ်ချုပ်ကြီးပက်တန်၏ တစ်မိနစ် အမှာစကားများ ..... ၃၁


mgyoe.com

mgyoe.com SAMPLE BOOK

# ထုတ်ဝေသူအမှာ

'ဘဝဟူသည် တိုက်ပွဲ'။ လူ့လောက လူ့ဘဝတွင် ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့တစ်တွေ တိုက်ပွဲမျိုးစုံကို တိုက်နေကြရသည်။ အချုပ်အခြာ အောင်နိုင်ရေး၊ ဈေးကွက်အောင်နိုင်ရေး စသည့်တို့အတွက် တိုက်ကြရခြင်းပင်။ တိုက်ပွဲနယ်ပယ်၊ လက်နက်ပစ္စည်းတို့ ခြားနားသော်လည်း နည်းဗျူဟာများကတော့ ဆင်တူသည်ဟု ဆိုနိုင်သည်။ စစ်ပွဲအားပြိုင်မှုများတွင် စစ်ဦးစီးချုပ်၊ တပ်မှူး၊ စစ်သည်၊ စစ်ကစားမှု၊ ရန်သူ၊ သတ်ဖြတ်နိုင်ခြင်း စသည်တို့ရှိသလို စီးပွားရေးအားပြိုင်မှုများတွင် စီအီးအို၊ မန်နေဂျာ၊ ဝန်ထမ်း၊ ဈေးကွက် ရှာဖွေခြင်း၊ ပြိုင်ဘက်ထုတ်လုပ်သူများ၊ အကောင်းဆုံးပစ္စည်းထုတ် လုပ်နိုင်ခြင်း စသည်တို့ ပါဝင်သည်။ မည်သို့ပင်ဆိုစေ တိုက်ခိုက်နေခြင်း၏အန္တိမပန်းတိုင်မှာ အောင်နိုင်ရေးပင်ဖြစ်သည်။ တိုက်ပွဲတစ်ခုအောင်နိုင်ရေးသည် ခေါင်းဆောင်၏စီမံခန့်ခွဲနိုင်စွမ်းနှင့် လက်အောက်ငယ်သားတို့၏ ပူးပေါင်းအားထုတ်နိုင်စွမ်းတို့အပေါ် အဓိကတည်မှီနေသည်။ အထူးသဖြင့် ခေါင်းဆောင်ဖြစ်သူသည် ကိုယ်ကျိုးမငဲ့သူ၊ ရဲရင့်သူ၊ တီထွင်နိုင်သူဖြစ်ဖို့ လိုသလို မိမိအဖွဲ့အစည်းအတွင်း မှန်ကန်သောပျိုးထောင်မှု၊ စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်သူလည်း ဖြစ်ဖို့လိုသည်။

ဤစာအုပ်ပါသင်ခန်းစာများသည် အထက်ပါအရည်အသွေးများနှင့် ပြည့်ဝသော ဗိုလ်ချုပ်ကြီးဂျော့အက်စ်ပက်တန်၏ခေါင်းဆောင်မှုစွမ်းရည်များ၊ အမှာစကားများဖြစ်သည်။ စာရေးသူ Charles M.

mgyoe.com

mgyoe.com SAMPLE BOOK

Province က အဆိုပါသင်ခန်းစာများကို စီးပွားရေးအယူအဆများနှင့် ယှဉ်တွဲတင်ပြထားခြင်းလည်း ဖြစ်သည်။ သို့ဖြစ်ရာ စာဖတ်သူတို့အနေဖြင့် ဤစာအုပ်ပါသင်ခန်းစာများကို မိမိစိတ်ကြိုက်နယ်ပယ်အတွက် အသုံးပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

တူဒေးစာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ဝန်ခံချက်

ဗိုလ်ချုပ်ကြီးပက်တန်၏အမှာစကားများသည် အခြေအနေတစ်ရပ်တွင် ဖြစ်ပေါ်နေသော သူ၏ခံစားချက်အသိအမြင်နှင့် အတွေ့အကြုံတို့မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ပွင့်လင်းရိုးရှင်းစွာ ထုတ်ဖော်ပြောကြားချက်များသည် ဆရာစားမချန် အိပ်သွန်ဖာမှောက်ပေးဝေခြင်းများ ဖြစ်သောကြောင့် စာရှုသူများအတွက် ထူးခြားသည့်အခွင့်အရေး ဖြစ်ပါသည်။ ကိုယ်တိုင်ပြောခဲ့သောစကားရင်းများဖြစ်၍ တစ်ဆင့်ခံပြန်ကြားသောသမိုင်းအတ္ထုပ္ပတ္တိထက်လည်းပို၍ သေချာသည့်အပြင် တန်ဖိုးလည်းမြင့်ပါသည်။ ခံစားတတ်မည်ဆိုလျှင် ဗိုလ်ချုပ်ကြီးပက်တန်နှင့် ကိုယ်တိုင်စကားပြောနေရဘိသကဲ့သို့ခံစားနိုင်ပါသည်။ ထို့ကြောင့်လည်း စာရေးသူက တစ်ကြိမ်ဖတ်လျှင် အမှာစကားတစ်ခုသာ ဖတ်ပါရန် မေတ္တာရပ်ခံထားခြင်းဖြစ်တန်ရာသည်ဟု ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ ရာစုနှစ်ထက်ဝက်ကျော်ခဲ့ပြီဖြစ်သော ဗိုလ်ချုပ်ကြီးပက်တန်၏ အမှာစကားများအား ဘာသာပြန်သူက အပြည့်အဝထောက်ခံသည်ဟူ၍ကား မယူဆစေလိုပါ။ အလားတူ ဗိုလ်ချုပ်ကြီးပက်တန်၏ စစ်နည်းဗျူဟာအမြင်များကို စာရေးသူက စီးပွားရေးစီမံခန့်ခွဲမှုလုပ်ငန်းနယ်ပယ်၌သုံးစွဲနိုင်ပုံအကြံပြုချက်များသည် မျက်မှောက်ခေတ်အခြေအနေတွင် ခေတ်မီနေဆဲဟူ၍လည်း မျှော်လင့်ချက်

mgyoe.com

mgyoe.com SAMPLE BOOK

မပေးလိုပါ။ သို့ရာတွင် လေ့လာသင်ယူစရာနှင့် သင်ခန်းစာရယူစရာအချက်အလက်အများအပြားကိုကား ရှာဖွေတွေ့ရှိနိုင်ပါသဖြင့် စာရှုသူများ အကျိုးငှာဘာသာပြန်ရကျိုးနပ်သည်ဟု ယုံကြည်ပါသည်။

ပြောင်ကျလွန်းသောတိုက်တွန်းချက် အနည်းအကျဉ်း၌ မူလဆိုလိုရင်း အဓိပ္ပာယ်လည်း မပျက်၊ ဘေးထွက်ဆိုးကျိုးလည်း မဖက်စေရန် စကားလုံးတချို့ကိုကား ပြုပြင်သုံးစွဲခဲ့ပါကြောင်း ဝန်ခံအပ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



General George S. Patton Jr.

mgyoe.com

mgyoe.com
SAMPLE BOOK


စစ်ပွဲသည် သဘောထားကွဲလွဲခြင်းအရေးအခင်း ဖြစ်သည်။ တိုက်ခိုက်ခြင်းသည် ရှင်သန်လိုမှုအတွက် သက်တမ်းရှည်ကြာလှပြီဖြစ်သော အခြေခံကျသည့်အားထုတ်မှုဖြစ်သည်။ တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍

- တစ်ဖက်လူ၏ ခံစစ်စည်းကို ဦးစွာထိုးဖောက်ဝင်ရောက်သည်မှာ ရန်သူကို စူးစမ်းရှာဖွေနေသော ချွန်မြသည့်လှံစွပ်ထိပ်ဖျား မဟုတ်၊ အေးဆေးပြီးတောက်ပနေသည့် တိုက်ခိုက်သူ၏မျက်လုံးအစုံသာ ဖြစ်သည်။
- ကတုတ်ကျင်းများကို သိမ်းပိုက်နိုင်သည်မှာ တင့်ကား၏ စက်ယန္တရားပြည့်စုံကောင်းမွန်မှုကြောင့်မဟုတ်၊ ရန်သူကို အနီးကပ်တိုက်ခိုက်ချေမှုန်းလိုသော တင့်ကားမောင်းသမား၏ ရဲရင့်သောသန္နိဋ္ဌာန်စိတ်ကြောင့်သာဖြစ်သည်။
- ရန်သူကိုအပျက်အစီးနှင့်မီးပုံများအကြား အရုပ်ကြိုးပြတ်လုပ်ထားခဲ့သည်မှာ လေယာဉ်ပေါ်မှစက်သေနတ်၏တိကျကောင်းမွန်မှုကြောင့်မဟုတ်၊ တိုက်ခိုက်မှုတွင် တစ်ဖက်လူများအား ရုတ်တရက် ကပ်ဆိုးကျရောက်သွားစေရန် ပြုလုပ်လိုသည့်လေသူရဲ၏ တက်ကြွမှုကြောင့်ဖြစ်သည်။
- သို့သော်လည်း စာအုပ်များတွင် စက်လက်နက်ပစ္စည်းများနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံအသေးစိတ်ဖော်ပြနေကြပြီး စစ်သည်တော်တစ်ယောက်၏ စိတ်ဓာတ်ထက်မြက်မှုကိုကား စာမျက်နှာ အနည်းငယ်၌သာ ဖော်ပြကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဤနည်းဖြင့် အချက်အချာကျသော စိတ်အားထက်သန်မှုသည် စစ်ပွဲပြီးဆုံးသွားပြီးနောက် လက်ဆုပ်လက်ကိုင် မပြနိုင်ဖြစ်နေလင့် ကစား စစ်ပွဲများတွင် 'တိုက်ပွဲဝင်စစ်သည်တော်စိတ်ဓာတ်' သည်ကား လျှပ်ပြက်သကဲ့သို့ အထင်အရှားပေါ်လွင်နေပါသည်။ 'တိုက်ပွဲဝင်စစ်သည်တော်စိတ်ဓာတ်' ကို ရယူရန်နှင့် ထိုစိတ်ဓာတ်ဖြင့်အောင်ပွဲခံရန်၊ သို့မဟုတ် ဂုဏ်သိက္ခာရှိစွာကျဆုံးရန် အခိုင်အမာ စိတ်ပိုင်းဖြတ်ထားခြင်းသည်ပင်လျှင် အောင်နိုင်ခြင်း၏ လျှို့ဝှက်ချက်ဖြစ်ပါသည်။

ဂျော့ အက်စ်ပက်တန်
*အောင်နိုင်ခြင်း၏လျှို့ဝှက်ချက်၊ ၁၉၂၆ ခုနှစ်*

mgyoe.com

mgyoe.com
SAMPLE BOOK


# ကျမ်းဦးစကား

ဂျော့အက်စ်ပက်တန်သည် သာမန်ထက်ပို၍ ထူးခြားသောလူတစ်ယောက် မဟုတ်ပါ။ သူ့ပခုံးထက်တွင် မွေးကတည်းက ကြယ်ပွင့်များ ပါမလာပါ။ သူသည်ကမ္ဘာပေါ်တွင်ရှိသော အခြားလူသားတိုင်းကဲ့သို့ သေမျိုးချည်းပင် ဖြစ်ပါသည်။ သူ့ခုံမင်နှစ်သက်သော အလုပ်တစ်ခုကိုကျကျနနလုပ်သွားခဲ့သောလူတစ်ယောက်သာဖြစ်ပါသည်။ ကြီးမြတ်သောတပ်မှူးကောင်းတစ်ယောက်ဖြစ်လာစေရန် တပ်မှူးကောင်းကဲ့သို့ကျင့်ကြံရမည်ကို သူ နားလည်ပါသည်။ စစ်မြေပြင်တွင် မည်ကဲ့သို့အကောင်းဆုံးလုပ်ဆောင်ရမည်ကိုလည်း သူ နားလည်ပါသည်။ သူ့ထံတွင် ထင်ယောင်ထင်မှားဖြစ်ခြင်း၊ ဘက်လိုက်ခြင်းတို့ မရှိပါ။ လက်တွေ့ကျကျအုပ်ချုပ်သော ခေါင်းဆောင်တစ်ယောက်ဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်သည် တာဝန်ရှိသော အစိတ်အပိုင်းတစ်ရပ်ကို တာဝန်ခံစီမံအုပ်ချုပ်ရန်သာမက ထိုအစိတ်အပိုင်း၌ ကိုယ်တိုင်ပါဝင်ရမည်ဆိုသည်ကိုလည်း နားလည်သည်။

ပက်တန်သည် စစ်သားတစ်ယောက်အဖြစ်သော်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးတစ်ယောက်အဖြစ်သော်လည်းကောင်း မွေးဖွားလာခြင်းမဟုတ်သော်လည်း သူ၏ဘဝအစပိုင်းအတော်စောစောကတည်းက သူဖြစ်ချင်သည့် အလုပ်အတွက် ဆုံးဖြတ်ချက်ချထားခဲ့သည်။ ထိုသို့ဆုံးဖြတ်ချက်ချပြီးသည့်အချိန်မှစ၍ သူ၏ပန်းတိုင်သို့

mgyoe.com

mgyoe.com SAMPLE BOOK



ရှေးရှု၍ မရပ်မနားတမ်း အလုပ်လုပ်ခဲ့သည်။ သူသည် ကြီးမြတ်သော စစ်သည်တော်တစ်ဦး၏ အခန်းကဏ္ဍတွင် နက်ရှိုင်းစွာမြုပ်နှံခြင်းဖြင့် သူ၏ဥပမိရုပ်ပိုင်းသာမက သဘောတရားခံယူချက်ကိုလည်း သူ့ဘာသာ သူ ပုံသွန်းလောင်းခြင်းနှင့် လေ့ကျင့်ခြင်းတို့ ပြုလုပ်ခဲ့သည်။ နောက်ဆုံး တွင်ကား သူဖြစ်ချင်သည့်အတိုင်း ဖြစ်လာခဲ့သည်။ သူ့ဘာသာသူ စစ် သည်တော်တစ်ဦး၏ စိတ်ဓာတ်ပြည့်ဝစေခဲ့ပြီး ထိုစိတ်ဓာတ်ဖြင့်ပင် သူအလုပ်လုပ်ခဲ့သည်။ သူ မကြာခဏ ပြောသည့်စကားမှာ "လူဆိုတာ ကိုယ်ကြံစည်စိတ်ကူးခဲ့တဲ့အတိုင်း ဖြစ်ရတာပါပဲ" ဟူ၏။

ဤစာအုပ်၏ရည်ရွယ်ချက်မှာ စာရှုသူများအား ပက်တန်၏ သဘောတရားခံယူချက်ကို ယုံကြည်လက်ခံနိုင်စေရန်ဖြစ်ပါသည်။ ယင်းသို့ယုံကြည်ခြင်းဖြင့် မည်သူမဆို မိမိတို့၏ ပန်းတိုင်များအပေါ် ပြင်းပြသောလိုလားချက်ကို လုံးဝရပ်ဆိုင်းမှုမပြုခြင်း၊ ဇွဲလုံ့လရှိခြင်း၊ လေ့လာသင်ယူမှု ရှိခြင်းနှင့် မပြောင်းလဲသောဆန္ဒရှိခြင်းတို့ကြောင့် ကြီးမြတ်သောခေါင်းဆောင်များဖြစ်လာနိုင်ပါသည်။ ဗိုလ်ချုပ်ကြီး ပက်တန်က "စစ်ပွဲက သိပ်တာရှည်နေပြီဟု လူတစ်ယောက်၏ စိတ်တွင် ထင်လာလျှင် ထိုအချက်သည် ထိုလူ့အပေါ်သို့ ကောင်းကောင်းသက် ရောက်မှုရှိကြောင်း ပြသနေသည်" ဟု ပြောခဲ့ဖူးပါသည်။

ဤစာအုပ်သည် တိုတောင်းစွာရေးသားဖော်ပြထားသော စာအုပ်ဖြစ်သော်လည်း တစ်ရက်တည်းနှင့်အပြီးဖတ်ရန် ရည်ရွယ်ထား ခြင်း မဟုတ်ပါ။ တစ်နေရာတွင် တစ်ထိုင်တည်း ယူဖတ်လိုက်ပြီးသည် နှင့် ဖတ်ပြီးသွားပြီဟု ယူဆရန် မဟုတ်ပါ။ တစ်ရက်တွင် ဆိုရိုးစကား တစ်ခွန်းကိုသာ ဖတ်ရန်ဖြစ်ပါသည်။ ထိုသို့ဖတ်ပြီးနောက် စာရှုသူ၏ ကိုယ်ပိုင်အတွေ့အကြုံအကြောင်းကိစ္စများနှင့်ပတ်သက်၍ ဆက်စပ်စဉ်း စားတွေးခေါ်ရန်ဖြစ်ပါသည်။ သူက ဘာပြောခဲ့သလဲ။ သူ၏ ပြောကြား ချက်သည် စာရှုသူအတွက်မည်ကဲ့သို့ဆိုလိုသလဲ။ စာရှုသူ၏ စီးပွားရေး လုပ်ငန်း၊ သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ဆက်စပ် စဉ်းစားလိုက်ပါက မည်ကဲ့သို့သဘောရသလဲ။ စာရှုသူ၏ဘဝနှင့် ဆက်

mgyoe.com

mgyoe.com
SAMPLE BOOK


စပ်စဉ်းစားလျှင် မည်ကဲ့သို့အဓိပ္ပာယ်ရသလဲ။

ဤစာအုပ်နှင့်ပတ်သက်၍ အတွေးမြောက်မြားစွာရရှိလာပြီးသောအခါ ပုဂ္ဂိုလ်ရေးဆိုင်ရာလုပ်ငန်းများအပေါ် ဆုံးဖြတ်ချက်တချို့ချမှတ်နိုင်ပါလိမ့်မည်။ ထို့ပြင် စာရှုသူသည် ဤစာစောင်တွင် ရည်ညွှန်းထားသည့် လူပုဂ္ဂိုလ်တချို့နှင့် ဆင်တူသောလူများကိုလည်း ဖော်ထုတ်တွေ့ရှိလာနိုင်ပါသည်။ မိမိ၏ ကုမ္ပဏီ/အဖွဲ့အစည်းအတွင်း၌ မှန်ကန်တိကျစေရန် လိုအပ်ချက်ရှိသောနေရာဌာနများနှင့် အခြေအနေများကိုလည်း သတိပြုမိလာနိုင်ပါသည်။ ဤအထိလုပ်ဆောင်ချက်သည် လွယ်ကူသောအပိုင်း ဖြစ်ပါသည်။

ခက်ခဲသောအပိုင်းမှာ ဖွဲ့လုံ့လရှိမှု၊ ခေါင်းဆောင်မှုတို့နှင့်ပတ်သက်သော ပက်တန်၏တစ်မိနစ်အမှာစကားများကို လုပ်ဆောင်ရမည့်အပိုင်းဖြစ်၏။ ဤလုပ်ငန်းအတွက် မည်သူကမျှ လာလုပ်ပေးမည်မဟုတ်ပါ။ စာရှုသူ၏ထိုးထွင်းဉာဏ်နှင့် တွန်းအားကို အသုံးပြုပြီး ကိုယ့်ဘာသာကိုယ် လုပ်ရမည်ဖြစ်ပါသည်။

ဤစာစောင်တွင် ဖော်ပြထားသောစကားလုံးများကို စီးပွားရေးလုပ်ငန်းဝန်းကျင်နှင့်ဆီလျော်အပ်စပ်စေရန် အောက်ပါအတိုင်း ဖလှယ်၍ အသုံးပြုသွားသင့်ပါသည်။

| | | |
|---|---|---|
| စစ်ဦးစီးချုပ် | = | စီအီးအို (CEO) |
| ဌာနချုပ် | = | ဘုတ်အဖွဲ့စည်းဝေးခန်း |
| တပ်မှူး | = | မန်နေဂျာ |
| စစ်သည် | = | အလုပ်သမား/ဝန်ထမ်း |
| အောင်နိုင်ခြင်း | = | ဈေးကွက်ဝေစု |
| စစ်ကစားမှု | = | ဈေးကွက်ရှာဖွေခြင်း |
| ရန်သူ | = | နိုင်ငံခြားမှ ထုတ်လုပ်သူများ |
| သတ်ဖြတ်နိုင်ခြင်း | = | အကောင်းဆုံးထုတ်ကုန်ပစ္စည်း ထုတ်လုပ်နိုင်ခြင်း |

mgyoe.com

mgyoe.com
SAMPLE BOOK


ဤစာအုပ်သည် စာရှုသူအား ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်လာရန်၊ သို့မဟုတ် ကုမ္ပဏီတွင်ထိပ်ပိုင်းအဆင့် စီမံခန့်ခွဲသူအဖြစ် ရာထူးတိုးမြှင့်ပေးရန် မတတ်နိုင်ပါ။ မည်သည့်စာအုပ်ကမျှလည်း ထိုသို့တတ်နိုင်ကြလိမ့်မည်မဟုတ်ပါ။ စွမ်းဆောင်ရည်ရှိသူအားလုံးနှင့် အရည်အချင်းပြည့်မီသူအားလုံးသည် ထိပ်ဆုံးရာထူးနေရာ ရရှိနိုင်လောက်အောင် လူ့ဘဝက မျှတခြင်း မရှိပါ။ သို့သော် ဤစာအုပ်သည် စာရှုသူအား ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းကြပ်မတ်နိုင်ရန် အကူအညီ ပေးပါလိမ့်မည်။ ကောင်းမွန်သော၊ ထူးချွန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်သည့်တန်ဖိုးရှိသောမန်နေဂျာတစ်ယောက်အဖြစ်သို့ မည်ကဲ့သို့ ပြောင်းလဲနိုင်သလဲဆိုသည့်အချက်ကိုလည်း ညွှန်ပြပေးပါလိမ့်မည်။ စာရှုသူကိုယ်တိုင် ကောင်းမွန်သောခေါင်းဆောင်မှုအရည်အချင်းများ ပြည့်ဝလာစေရန်နှင့် အခြားလူများကိုလည်း ၎င်းအရည်အချင်းများ ပြည့်ဝလာစေရန် အသိအမှတ်ပြုပေးနိုင်သည့် လူတစ်ယောက်ဖြစ်စေရန် ကူညီပေးပါလိမ့်မည်။ အခွင့်အရေးက တံခါးခေါက်လာပြီဆိုလျှင် လိုလောက်သောကျွမ်းကျင်မှုအရည်အချင်းများ စာရှုသူထံတွင် ရှိနေခြင်းဖြင့် ထိုအခွင့်အရေးကို လက်ခံရန် အဆင့်သင့်ဖြစ်စေပါလိမ့်မည်။

ဤစာအုပ်ကိုဖတ်သွားသည့်အခါ စစ်ရေးဆိုင်ရာစကားရပ်များကိုချည်း စဉ်းစားနေခြင်း မဟုတ်ဘဲ စီးပွားရေး အသုံးအနှုန်းများအဖြစ်လည်း စဉ်းစားစေလိုပါသည်။

- အောင်နိုင်ခြင်းအယူအဆနေရာတွင် ဈေးကွက်၌ အရည်အသွေးမြင့်မားသောထုတ်ကုန်ပစ္စည်းတစ်ခုအား ယှဉ်ပြိုင်သူများထက် စော၍ တင်သွင်းနိုင်သော အတွေးအမြင်ဖြင့် အစားထိုးရပါမည်။
- စစ်ပွဲအယူအဆနေရာတွင် ဈေးကွက်စံချိန်စံညွှန်းမီစေရန် ထုတ်ကုန်ပစ္စည်းတစ်ခုကို ပြုလုပ်သောအတွေးအမြင်ဖြင့် အစားထိုးရပါမည်။
- ထိခိုက်ဒဏ်ရာရသူများနှင့် ကျဆုံးသူများအယူအဆတွင် အလုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


ပြုတ်ခြင်းနှင့် လူမွဲစာရင်းဝင်ဖြစ်ခြင်းအတွေးအမြင်ဖြင့် အစားထိုးရပါမည်။

မည်သည့်စီးပွားရေးလုပ်ငန်းမဆို စစ်ပွဲနှင့် ဆက်စပ်ပတ်သက်သောအနက်ရှိသည်ဟု နားလည်သဘောပေါက်ပြီးပြီဆိုလျှင် အထက်ပါအတိုင်း အစားထိုးစဉ်းစားရန် ခက်ခဲမှု မရှိနိုင်တော့ပါ။

စာရေးသူက နောင်လာမည့်စာမျက်နှာတိုင်းတွင် ဗိုလ်ချုပ်ကြီး ပက်တန်၏စကားများကို တိုက်ရိုက်အကိုးအကားပြုထားပါသည်။ ထိုအကိုးအကားတိုင်းသည် ယခုခေတ် စီးပွားရေးအသိုက်အဝန်းများ၌ သိသာဆိုးဝါးစွာလျော့ပါးကျဆင်းနေသော ခေါင်းဆောင်မှုအရည်အချင်းနှင့် ထိရောက်သောကွပ်ကဲမှုအကြောင်းတို့နှင့် ပတ်သက်၍ စွမ်းအားအပြည့်ပါရှိသောအမှာစကားများဖြစ်ကြသည်။ ပက်တန်၏ ဆိုရိုးစကားအကိုးအကားများဖြင့် ဤစာအုပ်ကို ရေးသားရာတွင် ပက်တန်၏စတိုင်၊ ပက်တန်၏ချဉ်းကပ်နည်းများကို အသုံးပြု၍ အကျဉ်းချုပ် ရှင်းလင်းတိကျစွာ ဖော်ပြထားပါသည်။

ကိုးကားချက်များနောက်မှလိုက်၍ ဖော်ပြထားသောစကားလုံးများသည် စာရေးသူ၏အာဘော်များဖြစ်သော်လည်း စာရေးသူသည် ပက်တန်အသင်းအဖွဲ့ကို တည်ထောင်သူနှင့် ပက်တန်၏သဘောထားခံယူချက်ကိုနှစ်ပေါင်း ၃၀ ကြာလေ့လာသုတေသနပြုပြီး စာအုပ် စာတမ်းများစွာကို ရေးသားခဲ့သူဖြစ်ခြင်းတို့ကြောင့် ဗိုလ်ချုပ်ကြီး ပက်တန်ကိုယ်တိုင်ရေးသားသကဲ့သို့ အကောင်းဆုံးကြိုးစားအားထုတ်၍ ရေးသားခဲ့ကြောင်း ဖော်ပြထားပါသည်။

ပက်တန်၏ ကိုးကားချက်များကို အရင်းအမြစ်များစွာမှ ရယူခဲ့ပါသည်။ ပက်တန်ကိုယ်တိုင်ရေးသားခဲ့သောစာအုပ်များနှင့် မာတင်ဘလူမင်ဆန်ပြုစုခဲ့သည့် *ပက်တန်၏စာရွက်စာတမ်းများ* လည်း အပါအဝင် ဖြစ်ပါသည်။

စာရေးသူက ဤစာအုပ်ကို ရေးသားရာတွင် မူလအနှစ်သာရ

mgyoe.com

mgyoe.com
SAMPLE BOOK


နှင့် ဆက်စပ်အကြောင်းချင်းရာများကို ထိန်းသိမ်းထားနိုင်ရန် စစ်ဘက် ပတ်ဝန်းကျင်အတိုင်းသာ အသုံးပြုရေးသားခဲ့ပါသည်။ အချို့သော အကြောင်းအရာများသည် စစ်ဘက်အယူအဆမှ စီးပွားရေး အယူအဆ သို့ပြန်ဆိုရန် လိုအပ်လိမ့်မည် မဟုတ်ပါ။ စစ်ဘက်နှင့်စီးပွားရေး ပတ်ဝန်းကျင်နှစ်ရပ်လုံးတွင် အထက်ပါအယူအဆများသည် အခြေခံ အားဖြင့်အတူတူပင် ဖြစ်ပါသည်။ ဓလေ့သုံးဖြစ်သော ဖော်ပြချက်များကို ဘာသာရပ်တစ်ခုမှ အခြားဘာသာရပ်တစ်ခုသို့ ပြန်ဆိုရာတွင် မကြာ ခဏဆိုသလို အဓိပ္ပာယ်အမှန်က ပျောက်ဆုံးသွားတတ်ပါသည်။ လုပ်ငန်းသုံးဘာသာစကားတချို့ကို ပြန်ဆိုရာတွင်လည်း အလားတူဖြစ်တတ်ပါသည်။ ထို့ကြောင့် ဤကဲ့သို့သော အခြေအနေမျိုးတွင် ပက်တန်၏ အမှာစကားကို မည်ကဲ့သို့စဉ်းစားသင့်ကြောင်းနှင့် စီးပွားရေးအသိုက် အဝန်းနှင့်ပတ်သက်၍ မည်ကဲ့သို့ ယူသင့်ကြောင်း ရေးသားဖော်ပြရန် လိုအပ်လာပါသည်။ အချို့ကိစ္စများတွင် ပြန်ဆိုမှုမှန်ကန်စေရန်နှင့် အမှာစကားကို စီးပွားရေးလောကတွင် အသုံးပြုနိုင်သော သီးခြားအမြင် ရရှိရန်အတွက် စာရေးသူက နောက်ထပ်စာပိုဒ်တစ်ခုကို ထပ်မံဖြည့်ပေး ထားပါသည်။

စာရေးသူက ဤစာအုပ်ကို ရေးသားနေစဉ် အချို့စကားလုံး များကို ယခင်က ဖတ်ခဲ့ဖူးခြင်း၊ သို့မဟုတ် ဆင်တူယိုးမှား တွေ့ခဲ့ခြင်း ရှိသည်ဟု ခံစားမိခဲ့ပါသည်။ အချို့သောအမှာစကားများသည် ရင်းနှီး မှုရှိခဲ့သည်ဟု စမ်းတဝါးဝါးနှင့် တွေးထင်မိပါသည်။ စာရေးသူ ဗိုလ်ချုပ် ကြီးပက်တန်၏ အတ္ထုပ္ပတ္တိနှင့် သူ၏သဘောထားခံယူချက်အကြောင်းကို သီးသန့်လေ့လာခဲ့စဉ်က မစဉ်းစားမိခဲ့သည့်ကိစ္စလည်းဖြစ်ပါသည်။ သတိ ရလာ၍ စာအုပ်စင်မှ ဒဗလျူအက်ဒွက်ဒမ္မင်း၏ စာအုပ်တစ်အုပ်ဖြစ် သော *အကျပ်အတည်း၏ထွက်ပေါက်* (*Out of the Crisis*) ကို ဆွဲယူ ပြီး ဖတ်ကြည့်လိုက်သောအခါ အဆိုပါစာအုပ်တွင်ပါရှိသော ဒမ္မင်း၏ ၁၄ ချက်၊ သေကောင်ပေါင်းလဲရောဂါ ခုနစ်မျိုးနှင့်အတားအဆီးများ

mgyoe.com

mgyoe.com
SAMPLE BOOK


သည် ပက်တန်၏ တစ်မိနစ်အမှာစကားများနှင့် အခြေခံသဘောတရား အများစုမှာ အတူတူပဲ ဖြစ်နေသည်ကို အံ့ဩစွာတွေ့ရပါသည်။ အခြေခံသဘောတရားဆိုသည်မှာ တစ်ကမ္ဘာလုံးအတွက် အတူတူပဲဖြစ်နိုင်သည်ကို စဉ်းစားမိလာမှ စာရေးသူသည် တဖြည်းဖြည်း စိတ်တည်ငြိမ်မှု ရှိလာပါသည်။ စိတ်ထဲတွင် တွေးထင်မှုကြောင့်ဖြစ်စေ၊ သဘာဝတရားမှ ရှုမြင်လာရသောကြောင့်ဖြစ်စေ၊ အတွေ့အကြုံမှ သင်ကြားပေး၍ဖြစ်စေ ထွက်ပေါ်လာသောအခြေခံသဘောတရားမှာ ပြောင်းလဲမှု မရှိပါ။ ပက်တန်ကခေါင်းဆောင်မှု၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ထောက်ပံ့ရေးနှင့် ချိန်ဆမှုများတို့တွင် အကောင်းဆုံး အရည်အချင်းဖြစ်ပေါ်စေရေးသည် ထိပ်ပိုင်းကွပ်ကဲမှုဌာနချုပ်များ၏ တာဝန်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ဒမ္မင်းကလည်း ထုတ်လုပ်မှုအရည်အသွေးသည် ထိပ်ပိုင်းကလာရမည်ဆိုသည့်သဘောထားအယူအဆကို မကြာခဏ ထုတ်ဖော်ပြောကြားခဲ့သည်။ ဤအချက်ကို စက်ရုံထဲမှ အလုပ်သမားများကလည်း မတတ်နိုင်၊ အလယ်အလတ် မန်နေဂျာများကလည်း မတတ်နိုင်ဟု ဆိုပါသည်။ ကုမ္ပဏီတစ်ခု၏ ထိပ်ပိုင်းခေါင်းဆောင်မှုက စာရင်းအင်းဆိုင်ရာအရည်အသွေး ထိန်းချုပ်ရေးနည်းလမ်းကို အသုံးပြု၍ အကောင်းဆုံးအရည်အသွေးရှိသောထုတ်လုပ်မှုအတွက် တာဝန်ယူမှု မရှိလျှင် မည်သည့်အရည်အသွေးမျှ မရရှိနိုင်ကြောင်းနှင့် အရည်အသွေးသည် ထုတ်လုပ်ပြီးသည့်ပစ္စည်းကို စစ်ဆေးခြင်းဖြင့်လည်း မရနိုင်ကြောင်း ဖော်ပြထားပါသည်။

ကောင်းမွန်သောစီမံခန့်ခွဲမှုသည် အရည်အသွေးရရှိရန် လုံလောက်မှုမရှိကြောင်း ဒမ္မင်းသိထားသကဲ့သို့ ပက်တန်ကလည်း သိနေခဲ့ပါသည်။ စီမံခန့်ခွဲမှုနှင့်အတူ ကောင်းမွန်သော ခေါင်းဆောင်မှုလည်း ရှိရပါမည်။ ခေါင်းဆောင်မှုအကြောင်းကိုကား ဗိုလ်ချုပ်ကြီးဂျော့အက်စ်ပက်တန်က အသိဆုံးဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သူသည် စီးပွားရေးသမားကောင်းတစ်ဦး အလွန်ဖြစ်ထိုက်သူဟု ဆိုချင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

## ပက်တန်၏ ဘဝဝန်တာ

ပက်တန်သည် လူမြောက်မြားစွာအတွက် များစွာလုပ်ပေးနိုင်ခဲ့သူ ဖြစ်သည်။ သူ၏အမိန့်များအတိုင်း လိုက်နာရန် မလိုလားသူများအတွက် သူသည် လုံးဝမပြည့်ဝသောလူ၊ လုံးဝစက်ဆုပ်ဖွယ်ကောင်းသောလူ အဖြစ် မြင်စေခဲ့ပါသည်။ ခေါင်းဆောင်မှုနှင့်စည်းကမ်းသေဝပ်မှုကို လိုအပ်သည်ဟု နားလည်ထားကြသူများအတွက်မူ သူသည် ကြီးမြတ်သောခေါင်းဆောင်ကြီးတစ်ဦး ဖြစ်ပါသည်။

အဘိုးဖြစ်သူနှင့် ဖခင်ဖြစ်သူ၏ အစဉ်အလာကို လိုက်နာသောအားဖြင့် ပက်တန်သည် အသက် ၁၈ နှစ်သားအရွယ်တွင် ဗာဂျီးနီးယားစစ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့သည်။ တစ်နှစ်ခန့်အကြာတွင် ဝက်စ်ပွိုင့်အမေရိကန်စစ်တက္ကသိုလ်သို့ ပြောင်းရွှေ့တက်ရောက်ခဲ့သည်။ စစ်တက္ကသိုလ်ပြီးမြောက်အောင်မြင်သွားလျှင် သူသည် အမေရိကန်တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိတစ်ယောက် ဖြစ်လာနိုင်သောကြောင့် ဖြစ်ပါသည်။

၁၉၀၉ ခုနှစ်တွင် စစ်တက္ကသိုလ်မှ သင်တန်းသား ၁၀၃ ဦးအနက် အဆင့် ၄၆ ဖြင့် အောင်မြင်ခဲ့သည်။ စစ်တက္ကသိုလ်တက်ရောက်ခဲ့စဉ် ကျောင်းသားတပ်ကြပ်၊ အရာခံဗိုလ်နှင့် တပ်ရေးတာဝန်

mgyoe.com

mgyoe.com SAMPLE BOOK


များ ထမ်းဆောင်ခဲ့သည်။ တန်းကျော်ပြေးပွဲတွင် ကျောင်းစံချိန်ကို ချိုးခဲ့ခြင်းဖြင့် ကမ္ဘည်းတင်ခံခဲ့ရသည်။ ကျောင်းဆင်းပြီးနောက်မြင်းတပ်အရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ မကြာမီ မန်ဆာချူးဆက်ပြည်နယ်မှ ဘီထရိုက်စ်အေရာအမည်ရှိ ချောမောလှပသော မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ကျသည်။ မိန်းကလေး၏ မိသားစုသည် အလွန့်အလွန် ချမ်းသာကြသည်။ ဘီထရိုက်စ်၏ဖခင် ဖရက်ဒရစ်အေရာသည် အမေရိကန်သိုးမွေးလုပ်ငန်းကုမ္ပဏီပိုင်ရှင် ဖြစ်သည်။

၁၉၁၂ ခုနှစ်တွင် ပက်တန်သည် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ပြုလုပ်သည့်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုနှစ်တွင် အမေရိကန်လူမည်းဂျင်သော်ဖီက ပြိုင်ပွဲအများအပြား၌ အနိုင်ရပြီး သမိုင်းတွင်အောင် လွှမ်းမိုးနိုင်ခဲ့သည်။ ပက်တန်က ခေတ်သစ်တိုက်ပွဲဝင် အားကစားငါးမျိုးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုပြိုင်ပွဲ၌ ပစ္စတိုပစ်ခတ်ခြင်း၊ မီတာ သုံးရာ ရေကူးခြင်း၊ ဓားခုတ်ခြင်း၊ မြောင်းများ ဘားတန်းများ ဖြတ်ကျော်ပြေးခြင်းနှင့် နယ်ကျော် ပြေးခြင်းတို့ပါဝင်ပါသည်။ အိုလံပစ်ပြိုင်ပွဲတွင် အများက ချီးကျူးဂုဏ်ပြုခံရသည့် အဆင့် ၅ ကို ရခဲ့သည်။

အိုလံပစ်ပြိုင်ပွဲများပြီးသောအခါ ပက်တန်သည် ပြင်သစ်နိုင်ငံ၊ ဆူမွားဒေသရှိပြင်သစ်မြင်းတပ်သင်တန်းကျောင်းသို့ ကိုယ့်စရိတ်နှင့်ကိုယ်သွားရောက်ခဲ့ပြီး ဓားခုတ်ပြိုင်ပွဲနည်းပြဆရာထံမှ သင်ခန်းစာများကိုသင်ယူခဲ့သည်။ သူ့ကိုယ်သူ ဂုဏ်သိက္ခာရှိသောဓားသမားတစ်ယောက်ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုစုပျိုးထောင်ခဲ့ခြင်းဖြစ်ပါသည်။ နောင်တွင် သူပုံစံရေးဆွဲပြုလုပ်ခဲ့သော M1913 မြင်းတပ်ကိုင်ဓားကောက်ကို အမေရိကန်တပ်မတော်သုံးလက်နက်အဖြစ် လက်ခံသုံးစွဲခဲ့ပါသည်။ သူမုန်းသောနာမည်ဖြစ်သည့် 'မိုက်ဂိုက်အဘိုးကြီး' အမည် မတွင်မီကာလရှည်ကြာစွာကတည်းက 'ဓားကောက်ဂျော့' ဟု သူ့ကိုခေါ်ကြသည်။ ငယ်ရွယ်သော ဒုတိယဗိုလ်တစ်ဦးအတွက် အလွန် သိသာထင်ရှားသောအမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကင်းဆတ်ပြည်နယ်၊ ရိုင်လီတပ်စခန်းရှိ မြင်းတပ်သင်တန်းကျောင်း၌ တာဝန်ကျစဉ်က ပက်တန်သည် သူ တီထွင်ခဲ့သော ဓားကောက်အသစ်ကို အသုံးပြုပုံအသုံးပြုနည်းနှင့်ပတ်သက်၍ သင်တန်းပေးခဲ့ရသေး၏။ ထိုစဉ်က သူ့ကို ဓားရေးအကျော်အမော်အဖြစ် မှတ်တမ်းတင်ကြ၏။ ထိုစဉ်က သူသည် ဒုတိယဗိုလ်အဆင့်သာ ရှိသေးသော်လည်း သူ့နာမည်ကို သူထိန်းသိမ်းနိုင်ရန် ကြိုးစားခဲ့ရသည်။

၁၉၁၆ ခုနှစ်၊ မတ်လ၌ ပန်ချိုဗီးလာ ဦးစီးသောရာပေါင်းများစွာသော ဓားပြများသည် နယူးမက္ကစီကို ဒေသရှိ ကိုလံဘတ်စ်မြို့ကလေးကို ဝင်ရောက်စီးနင်းခဲ့ကြပြီး အမေရိကန်နိုင်ငံသား ၁၇ ယောက်ကို သတ်ပစ်ခဲ့ကြသည်။ လူအများအပြားကို သတ်ခဲ့ခြင်းအတွက် ဗီးလာ၏ အကြောင်းပြချက်မှာ အမေရိကန်အစိုးရသည် သူ၏ တော်လှန်ရေးကို အကူအညီပေးရန်ငြင်းဆန်ခဲ့ပြီး မက္ကစီကိုအစိုးရကသာ ကိုင်တွယ်ဖြေရှင်းရန် လွှဲအပ်ခဲ့သောကြောင့် စိတ်ဆိုးပြီး သတ်ခဲ့သည်ဟု ဆိုပါသည်။ ဤစီးနင်းမှုကို တုံ့ပြန်သောအားဖြင့် ဗိုလ်ချုပ်ကြီး ဂျွန်ဂျေပါးရှင်းသည် ထိုးဖောက်စွန့်စားရေး တပ်ဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး မက္ကစီကိုအတွင်းပိုင်းအထိ ဗီးလာကို လိုက်လံချေမှုန်းရန် တာဝန်ပေးအပ်ခဲ့သည်။

ပါးရှင်းက ပက်တန်ကို သူ၏ခေတ္တလက်ထောက်တစ်ယောက်အဖြစ် ခေါ်သွားခဲ့သည်။ ထိုစဉ်ပက်တန်သည် ဗီးလာ၏လူတစ်ယောက် ခိုအောင်းနေသည်ဟု သတင်းရသောကြောင့် ရူဘိုင်အိုရန်ချ်ဟုခေါ်သော နေရာတစ်ခုကို ဦးဆောင်ရှင်းလင်းခဲ့သည်။ အမှန်မှာ တစ်ယောက်မဟုတ်ဘဲ ရန်သူသုံးယောက်ရှိနေကြပြီး သူတို့က လွတ်မြောက်ရန် ကြိုးစားအားထုတ်ကြသောကြောင့် ပက်တန်နှင့် သူ့လူများက ကောင်းဘွိုင်ရုပ်ရှင်ဆန်ဆန် အပြန်အလှန် တိုက်ပွဲကလေး ဖြစ်ပွားခဲ့သည်။ ဓားပြသုံးယောက်စလုံး သေဆုံးသွားကြ၍ ပက်တန်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အလောင်းများကို သူ့တပ်ဖွဲ့၏ ဒေါ့ဂျ်ကားစက်ခေါင်းအဖုံးပေါ်တွင် တစ်စီးလျှင်တစ်လောင်းစီကြိုးဖြင့် ချည်၍ တင်ယူသွားကြသည်။ အလောင်းများကို စစ်ဆေးရန် ပါးရှင်း၏ ဌာနချုပ်

mgyoe.com

mgyoe.com SAMPLE BOOK




ဗိုလ်ချုပ်ကြီးပက်တန်နှင့် ဗိုလ်ချုပ်ကြီး Dwight D. Ei တို့
စစ္စလီစစ်မျက်နှာပါလာမိုစခန်းတွင် တွေ့ဆုံစဉ်



ဗိုလ်ချုပ်ကြီးပက်တန်နှင့် လက်ထောက်တစ်ဦး ဖျော်ဖြေရေးအနုပညာရှင်
Jack Pepper ၊ Bob Hope ၊ Frances Langford ၊ Tony Romano တို့နှင့်
တွေ့ဆုံစဉ်

mgyoe.com

mgyoe.com SAMPLE BOOK


အထိ တိုက်ရိုက်ယူဆောင်သွားခဲ့သောကြောင့် ရုံးမှလူများ ရှတ်ရှတ် သဲသဲ ဖြစ်သွားခဲ့ကြသည်။ တောတောင်ထူထပ်သောအနောက်ဘက် အရပ်ဒေသ၏ ထုံးစံအတိုင်း ပက်တန်သည် သူ၏ကံကောင်းခြင်း အထိမ်းအမှတ်အဖြစ် သူ၏ ၄၅ ဘို့ပြောင်းတိုသေနတ်၏ ဆင်စွယ်လက် ကိုင်တွင် ဓားထစ်ရာနှစ်ခု ပြုလုပ်လိုက်သေး၏။ ထိုအချိန်နောက်ပိုင်းက စ၍ ဗိုလ်ချုပ်ကြီးပါးရှင်းက ပက်တန်အား 'လူဆိုးလေး' ဟု အမြဲတမ်း ခေါ်ဝေါ်လေ့ရှိခဲ့သည်။ တစ်ခဏချင်းပင် ပက်တန်သည် တိုင်းပြည်တွင် သူရဲကောင်း ဖြစ်လာခဲ့သည်။ ရက်သတ္တတစ်ပတ်လုံးလုံး အမေရိကန် သတင်းစာများသည် သူ၏အောင်မြေချဲ့အမြတ်ထုတ်မှုဇာတ်လမ်းကို ဖော်ပြခဲ့ကြသည်။ ပို၍အရေးကြီးသည်မှာ ပက်တန်၏လှုပ်ရှားမှုသည် ယာဉ်တင်စစ်ဆင်ရေးအခန်းကဏ္ဍ အသစ်ဖွင့်လှစ်ခြင်းတစ်ခုလိုဖြစ် သွားခဲ့သည်။ ဤသည်မှာ အမေရိကန်တပ်ဖွဲ့ငယ်တစ်ခုက ရန်သူတပ်ဖွဲ့ ကို မော်တော်ယာဉ်များအသုံးပြု၍ တိုက်ခိုက်ရာတွင် ပထမဦးဆုံး ဖြစ် သည်။ ပက်တန်နှင့်သူ့လူများသည် တင့်ကား၊ သို့မဟုတ် သံချပ်ကာကား ကဲ့သို့ မော်တော်ယာဉ်အပေါ်မှ တိုက်ခိုက်ခဲ့ကြခြင်းမဟုတ်သော်လည်း မြင်းများအစား မော်တော်ယာဉ်ကို သယ်ယူပို့ဆောင်ရေး ကိရိယာအဖြစ် အသုံးပြုခဲ့ကြသည်။

ပထမကမ္ဘာစစ်ကာလအတွင်းက ဗိုလ်ချုပ်ကြီးပါးရှင်းသည် ပြင်သစ်တွင် အမေရိကန်ထိုးဖောက်စွန့်စားရေးတပ်ဖွဲ့ ဖွဲ့စည်းရန် ရည်ရွယ်သောအခါ ပက်တန်ကို သူနှင့်အတူ ခေါ်သွားရန် ဆုံးဖြတ်ခဲ့ သည်။ ထိုအချိန်၌ ပက်တန်သည် တင့်ကားဟု အမည်တွင်လာမည့် စက်ယန္တရားအသစ်တချို့အပေါ် စိတ်ဝင်စားလာနေပြီဖြစ်သည်။ ထိုယာဉ်များသည် အသစ်ဖြစ်ရုံမျှမက လှုပ်ရှားလွယ်ကူမှုအတွက် အား ကိုးအားထား မပြုနိုင်သေးသည့်အပြင် အရွယ်ပမာဏအားဖြင့်လည်း ကြီးမားနေပြီး စစ်မြေပြင်တွင် အစမ်းသပ်မခံရသေးသည့် ပစ္စည်း ကိရိယာများ ဖြစ်နေကြသည်။ စစ်မြေပြင်တွင် အလုပ်လုပ်နိုင်ပါ့မလား၊ တန်ဖိုးရှိပါ့မလားဟု သံသယကြီးစွာရှိနေကြသည့်အချိန်ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပက်တန်သည် အမေရိကန်တင့်ကားတပ်ဖွဲ့ကို စတင်ဖွဲ့စည်းရန် တာဝန်ပေးအပ်ခြင်းခံရသည့်အရာရှိ ဖြစ်သည်။ ထုံးစံအတိုင်း သူ၏ ဇွဲသန်သောစိတ်ဝင်စားမှုဖြင့် ထိုအလုပ်တွင် နှစ်မြှုပ်နေလိုက်သည်။ ဤနည်းဖြင့် သူသည် အလျင်အမြန်ပင် အမေရိကန် ထိုးဖောက်စွန့်စားရေးတပ်ဖွဲ့၏ တင့်ကားဆိုင်ရာအထူးကျွမ်းကျင်သူတစ်ဦးဖြစ်လာခဲ့ပါသည်။ ထို့ပြင် အမေရိကန်တင့်ကားသင်တန်းကျောင်းကိုလည်း သူတစ်ဦးတည်းဟု ဆိုရမတတ် အခြားလူများ၏ အကူအညီ မပါဘဲ ဖွဲ့စည်းပေးနိုင်ခဲ့သည်။ လေ့ကျင့်ရေးလက်စွဲစာစောင်များရေးသားခြင်း၊ နည်းစနစ်နှင့်လေ့ကျင့်ခန်းများ စီစဉ်ခြင်းနှင့် အမေရိကန်ပြည်ထောင်စု တင့်ကားတပ်ဖွဲ့သဘောတရားမူဝါဒဖြစ်လာမည့်စာတမ်းတစ်စောင် ပြုစုခြင်းတို့ကို ပြုလုပ်ခဲ့သည်။ တင့်ကားတပ်ဖွဲ့ဝင်များကို သင်ကြားပို့ချခြင်း၊ လက်တွေ့လေ့ကျင့်ပေးခြင်းနှင့် အခါအားလျော်စွာ စစ်ပွဲတွင် ကိုယ်တိုင်လက်တွေ့ကြီးကြပ်မှုပေးခြင်းအထိ ဆောင်ရွက်ပေးခဲ့သည်။

မီရူ(စ်) အာဂွန်နီထိုးစစ်၏ ပထမနေ့မှာပင်လျှင် ပက်တန်သည် သေလုမတတ် ဒဏ်ရာရခဲ့သည်။ ကျည်တစ်တောင့်သည် သူ၏ပေါင်ကို ထုတ်ခြင်းပေါက် ထိမှန်သွားခဲ့ပြီး တင်ပါးအောက်ပိုင်းနေရာ၌ အသားစကြီးရှည်လျားစွာ စုတ်ပြဲထွက်သွားခဲ့ရသည်။ သွေးထွက်များနေလင့်ကစား ပက်တန်သည် ဆက်လက်ချီတက်နေခဲ့ရာ နောက်ဆုံးတွင် သွေးထွက်လွန်ပြီး သူ့အား ရပ်တန့်သွားစေခဲ့သည်။ စစ်မြေပြင်တွင် သွေးလွန်၍ မသေမီမှာပင် နောက်တန်းဆေးရုံတစ်ခုသို့ အချိန်မီရွှေ့ထုတ်ပေးနိုင်ခဲ့ပါသည်။ ထိုတိုက်ပွဲသည် ပထမကမ္ဘာစစ်ကာလတွင် သူ၏နောက်ဆုံးတိုက်ပွဲ ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူသည် တပ်ဖွဲ့သို့ ပြန်ရန် ဆေးရုံမှဆင်းလာသောနေ့သည် စစ်ရပ်စဲရန် နှစ်ဖက်သဘောတူညီချက်လက်မှတ်ရေးထိုးသော နေ့ဖြစ်နေသောကြောင့်ဖြစ်ပါသည်။ ပက်တန်သည် ပထမကမ္ဘာစစ်ကာလက ရရှိခဲ့သော သူ၏ဒဏ်ရာကြီးကို မမှုသော သူ၏စိတ်အနေအထားကြောင့် တစ်ခါတစ်ရံတွင် သူ့ကိုယ်သူ 'မြည်းတစ်ပိုင်း ဗိုလ်ချုပ်' ဟု ပြန်လည်ရည်ညွှန်း

mgyoe.com

mgyoe.com SAMPLE BOOK


ပြောဆိုလေ့ရှိပါသည်။

စစ်ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီးသွားသောအခါ ပက်တန်သည် တင့်ကားတပ်ဖွဲ့အရာရှိတာဝန်ဖြင့် အမေရိကန်သို့ ပြန်သွားရ၏။ ထို့နောက် မျှားမကြာမီ သူ၏အချစ်ဦးဖြစ်သော မြင်းတပ်သို့ ပြန်ရောက်သွားခဲ့ပါသည်။ တင့်ကားတပ်ဖွဲ့မှ သူ ထွက်ခွာသွားရသောအကြောင်းရင်းမှာ အမေရိကန်ကွန်ဂရက်လွှတ်တော်၏ နှမြောတွန့်တိုမှုကြောင့် ဖြစ်ပါသည်။ တင့်ကားတပ်ဖွဲ့အတွက် တစ်နှစ်ပတ်လုံး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးပြုလုပ်ရန် ကွန်ဂရက်၏ ခွင့်ပြုငွေမှာ ဒေါ်လာ ငါးရာသာဖြစ်သောကြောင့် ငြိမ်းချမ်းစဉ်ကာလအတွင်း တင့်ကားတပ်ဖွဲ့နှင့် ပတ်သက်၍မည်သည့်တိုးတက်မှုမျှရရှိရန် အသားအလာ မရှိကြောင်း ပက်တန်ကသိနားလည်လိုက်ပါသည်။ အမှန်အတိုင်းလည်း သူ၏ သုံးသပ်ချက်က မှန်ကန်ပါသည်။ ထိုကာလအတွင်း တင့်ကားနှင့်သံချပ်ကာတပ်ဖွဲ့အခြေခံသဘောတရားတိုးတက်မှုသည် အမေရိကန်တွင် လုံးဝမရှိခဲ့ပါ။ စစ်ဆန့်ကျင်သော အမေရိကန်များကို မျက်စိဖွင့်ပေးခဲ့သည့် ဖြစ်ရပ်များမှာ ဒုတိယကမ္ဘာစစ်ကြီးနှင့် ဂျာမန်တို့ ၏လျှပ်တစ်ပြက်စစ်ဆင်ရေးများ ဖြစ်ပါသည်။

၁၉၂၀ ပြည့်လွန်နှစ်များနှင့် ၁၉၃၀ ပြည့်လွန်နှစ်များတွင် ပက်တန်သည် စစ်မှုရေးရာကိစ္စများကို တတ်နိုင်သမျှ ကြိုးစားလုပ်ခဲ့သည်။ စာဖတ်ခြင်း၊ ပိုလို ကစားခြင်းတို့အပြင် တီထွင်မှုအနေဖြင့် ချေမှုန်းရေးတပ်ဖွဲ့ဝင်များကို အနီးကပ်ပစ်ကူပိုမိုထိရောက်စွာ ပေးနိုင်သောစက်သေနတ်တင်လှည်းကို စတင်အသုံးပြုခဲ့သည်။ မြင်းတပ်၏ တိုက်ခိုက်ရေးစွမ်းအားနှင့် တာဝေးထိရောက်မှုရှိရေးအတွက်လည်း မြင်းကုန်းနှီးအသစ်တစ်မျိုးကို သူ၏စိတ်ကူးဖြင့် ပုံစံရေးဆွဲ ပြီးထုတ်လုပ်ခဲ့သည်။ ထို့ပြင် ဂျေဝယ်လ်တာခရစ်တီးနှင့်အတူ နီးကပ်စွာပူးပေါင်း၍ တင့်ကားများ၏ ပုံပန်းသဏ္ဍာန်၊ ဒဏ်ခံနိုင်မှု၊ စက်စွမ်းအားနှင့် လက်နက်စနစ်များကို တိုးတက်လာစေရန် ပြုလုပ်ခဲ့သည်။ တင့်ကားနမူနာပုံစံများကိုပင် ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ တည်ဆောက်ပေးခဲ့သည်။ ခြေလျင်

mgyoe.com

mgyoe.com
SAMPLE BOOK


တပ်မများကို မူလက စတုရန်းပုံစံ ဖွဲ့စည်းမှု (တပ်မဟာ/ ဗျူဟာလေးခု) အစား တြိဂံပုံစံဖွဲ့စည်းမှု(တပ်မဟာ/ဗျူဟာသုံးခု) ဖြင့် ပြုပြင်ပြောင်းလဲဖွဲ့စည်းခြင်းဖြင့် တိုက်ပွဲဝင်ရာတွင် လူအင်အားကို လျှော့ချနိုင်ပြီး စစ်ကစားမှုနှင့်ပစ်အားကို တိုးပွားစေသည့်စီမံချက်ကို ပက်တန်က အစပြုဖော်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ဤကာလအတွင်းမှာပင် ပက်တန်သည် တာဝန်ပေးအပ်မှုအမျိုးမျိုးကို ကျေပွန်စွာ ထမ်းဆောင်ရင်း သူ၏ စစ်ဘက်ဆိုင်ရာသင်တန်းများကိုလည်း ပြီးမြောက်အောင်မြင်စေခဲ့ပါသည်။ ကင်းဆတ်ပြည်နယ် ဖို့လီဗင်ဝပ်တပ်စခန်းရှိ စစ်ဦးစီးတက္ကသိုလ်ကို ဂုဏ်ပြုခံ အဆင့်အတန်းဖြင့် အောင်မြင်ခဲ့သည်။ စစ်မဟာဗျူဟာဆိုင်ရာ ကြည်းတပ်တက္ကသိုလ်တွင်လည်း ထူးချွန်စွာ အောင်မြင်ခဲ့သည်။ ပက်တန်သည် ၁၉၃၀ ပြည့်လွန်နှစ်များက ပုလဲဆိပ်ကမ်းတွင် အခြေပြုတာဝန်ထမ်းဆောင်စဉ် ကြိုတင်ဟောကိန်းဆန်သော စာတမ်းတစ်ခုကို ရေးခဲ့သည်။ ထိုစာတမ်း၌ ဟာဝိုင်အီကျွန်းများအား ဂျပန်နိုင်ငံက လေကြောင်းမှ တိုက်ခိုက်လာနိုင်ခြေရှိမှုကို ဖော်ပြထားသည်။ ဂျပန်သည် ပစိဖိတ်ဒေသကို လွှမ်းမိုးထိန်းချုပ်ရန် အကြံအစည်များ အသေအချာရှိကြောင်း ရှင်းလင်းတိကျစွာဖော်ပြနေပြီဟု အခိုင်အမာဖော်ပြခဲ့ပါသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်နေ့ ပုလဲဆိပ်ကမ်းအား တိုက်ခိုက်မှုတွင် ဂျပန်များအသုံးပြုခဲ့သော စီမံချက်သည် သူ၏စာတမ်းတွင် ရွေးနုတ်ဖော်ပြချက်များနှင့် တစ်ထပ်တည်းနီးပါး တူညီခဲ့ပါသည်။

ပက်တန်သည် စစ်မြေပြင်တွင် လှုပ်ရှားနိုင်စွမ်းပိုမိုကောင်းမွန်သောနည်းလမ်းများစွာကို အစဉ်တစိုက် ရှာဖွေခဲ့သည်။ ကုန်းရေနှစ်သွယ်ကမ်းတက်စစ်ဆင်ရေးများတွင် သူသည် အဆုံးအဖြတ်ပေးနိုင်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ လေယာဉ်ပျံများအကြောင်းကို ပိုမိုသိရှိရန်နှင့် လေကြောင်းစစ်ပွဲ၏အခန်းကဏ္ဍကို ပိုမိုနားလည်စေရန်အတွက် ကိုယ်တိုင်လေယာဉ်မောင်းလိုင်စင်ရယူထားပြီး ကိုယ်ပိုင် စတင်ဆန်အမျိုးအစား လေယာဉ်တစ်စီးဖြင့် ပျံသန်းသွားလာလေ့ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK


စစ်ပွဲတွင် ဆက်သွယ်ရေးနှင့် ဆက်ဆံရေးလုပ်ငန်းများအတွက် အပေါ့စားလေယာဉ်ကလေးများ အသုံးပြုခြင်း၏အရေးကြီးမှုကို ပထမဆုံးသိမြင်ခဲ့သူများအနက်တစ်ဦး ဖြစ်ပါသည်။ ဂျပန်ကပုလဲဆိပ်ကမ်းကို မတိုက်ခိုက်မီကပင် ပက်တန်သည် သူ့ဘာသာသူ အထက်ပါလုပ်ငန်းများကို လုပ်ဆောင်နေခဲ့ပါသည်။

၁၉၃၉ ခုနှစ်တွင် ပက်တန်သည် ဗာဂျီးနီးယားပြည်နယ် ဖို့ဘင်နင်တပ်စခန်းရှိ အမှတ် ၂ သံချပ်ကာ တပ်မဟာသို့ ရောက်ရှိတာဝန်ထမ်းဆောင်ရသည်။ အဆိုပါတပ်မဟာတွင် သူ၏ကျွမ်းကျင်သော စီမံဆောင်ရွက်ချက်များကြောင့်အမှတ် ၂ သံချပ်ကာတပ်မကို ကွပ်ကဲအုပ်ချုပ်ရန် ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း ခံရသည်။ မကြာမီမှာပင် သူသည် တင့်ကားများနှင့်ပတ်သက်၍ အမေရိကန်တပ်မတော်တွင် အထူးကျွမ်းကျင်သူအဖြစ် သတ်မှတ်ခြင်းခံရပါသည်။

၁၉၄၂ ခုနှစ်တွင် သဲကန္တာရလေ့ကျင့်ရေးတပ်ဖွဲ့ကြီးတစ်ခုကို ကယ်လီဖိုးနီးယား၊ နာဗာဒါနှင့် အရီဇိုးနားပြည်နယ်များမှ ကျယ်ပြန့်သောအစိတ်အပိုင်းများ ပါဝင်သည့် မိုဂျာဗီးသဲကန္တာရ၌ ဖွဲ့စည်းတည်ထောင်ရန် တာဝန်ပေးခြင်း ခံရသည်။ ထိုကျောင်းတွင် ပက်တန်သည် ခေတ်မီအမေရိကန်တပ်မတော်၏ တင့်ကားတပ်ဖွဲ့ဆိုင်ရာ အခြေခံသဘောတရားနှင့် စစ်နည်းဗျူဟာများကိုတီထွင်ခြင်း၊ လက်တွေ့စမ်းသပ်စစ်ဆေးခြင်း၊ ချို့ယွင်းချက် မရှိစေရန် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထိုသဲကန္တာရလေ့ကျင့်ရေးတပ်ဖွဲ့ကြီးမှ လေ့ကျင့်ပေးလိုက်သောတင့်ကားတပ်ဖွဲ့များသည် မြောက်အာဖရိက တိုက်စစ်မြေပြင်တွင် မီးတုတ်စစ်ဆင်ရေးဖြင့် ပထမဆုံးကမ်းတက်ခဲ့ကြသည့် တပ်ဖွဲ့များဖြစ်လာခဲ့သည်။ ပက်တန်သည် ကုန်းရေနှစ်သွယ်စစ်ဆင်ရေးစီမံချက်တစ်ခုလုံးကို အသေးစိတ်ရေးဆွဲရာ၌ အဓိကပါဝင်ခဲ့ပါသည်။ အဆိုပါကုန်းရေနှစ်သွယ်စစ်ဆင်ရေးမှာ ၁၉၄၂ ခုနှစ်တွင် ဗာဂျီးနီးယားပြည်နယ်၊ နော်ဖောက်ဒေသမှ အထူးတာဝန်တပ်ဖွဲ့တစ်ခုအား ပြင်သစ်ပိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


မော်ရိုကိုကမ်းခြေများသို့ တက်ရောက်ရန် ပြုလုပ်ခဲ့သောစစ်ဆင်ရေး ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကာလအတွင်း အမေရိကန်တပ်များက တိုင်းတစ်ပါးမြေပေါ်သို့ ပထမဦးဆုံးအကြိမ် ခြေချပြီး တိုက်ခိုက်ခဲ့ခြင်း လည်းဖြစ်ပါသည်။

၁၉၄၃ ခုနှစ် နွေဦးရာသီတွင် ပက်တန်သည် တူနီးရှားနိုင်ငံ ကက်သရင်းတောင်ကြားဒေသ၌ အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ခဲ့ရသည့် အမှတ် ၂ တပ်မကြီးကို ကွပ်ကဲရန် တာဝန်ကျခဲ့ပါသည်။ ထုံးစံအတိုင်း သူသည် ကွပ်ကဲမှုတာဝန်သာမကတပ်မကြီးတစ်ခုလုံးကို ကုပ်ဆွဲပြီး အတင်းတွန်းတင်ခဲ့သည်။ ဖွဲ့စည်းပုံပျက်နေသောအမေရိကန် တပ်ရင်းများကို အမြန်ဆုံးတည့်မတ်လာစေပြီး အယ်လ်ဂွတ်တာဒေသ တွင် အောင်မြင်မှုများ ရရှိစေရန် ဦးဆောင်မှုပေးခဲ့သည်။ ထို့နောက် တပ်မကြီးကွပ်ကဲမှုတာဝန်များကို ဒုတိယတပ်မကြီးမှူး အိုမားဘရက် လေသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

စစ္စလီတွင် အမှတ် ၇ တပ်တော်မှူးဖြစ်လာခဲ့သောဒုတိယ ဗိုလ်ချုပ်ကြီးပက်တန်သည် ဗြိတိသျှတပ်မတော်မှ ဗိုလ်ချုပ်ကြီး မောင့်ဂိုမာရီ အလွန်လိုလားတောင့်တနေသော စစ္စလီကျွန်းအောင်ပွဲကို သူ့ထံမှ လုယူနိုင်ခဲ့သည်။ လွတ်လပ်စွာ မလှုပ်ရှားနိုင်ရန် အထက်ဌာနချုပ်၏ ချုပ်ချယ်မှုများ၊ ထောက်ပံ့ပို့ဆောင်ရေး မလုံမလောက်ဖြစ်မှုများနှင့် ဒုတိယတန်းစားလမ်းကြောင်းများကိုသာ မလွှဲမရှောင်သာ အသုံးပြုစေ ရခြင်းတို့ ရှိလင့်ကစား ပက်တန်နှင့်သူ၏ အမှတ် ၇ တပ်တော်သည် ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် မက်စ်စီးနားမြို့သို့ မောင့်ဂိုမာရီ၏တပ် များ မတိုင်မီ ရှေးဦးစွာ ရောက်ရှိသိမ်းပိုက်နိုင်ခဲ့သည်။ မောင့်ဂိုမာရီ သည် ဤဖြစ်ရပ်အတွက် အံ့အားသင့်သွားပြီး ပက်တန်နှင့် သူ့လူများ ထိုင်စောင့်နေသည့် မြို့တွင်းတစ်နေရာသို့ ရှက်ကိုးရှက်ကန်းဖြင့် ရောက် ရှိလာခဲ့ရပါသည်။

၁၉၄၄ ခုနှစ် နွေဦးပေါက်ရာသီတွင် ပက်တန်သည် 'ကွင်းမေရီ' အမည်ရှိ ပင်လယ်ကူးသင်္ဘောကြီးဖြင့် အင်္ဂလန်သို့ ရောက်လာခဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ သူ၏အမှတ်တရအဖြစ်ဆုံးနှင့် အောင်မြင်မှုအရဆုံးဖြစ်သည့် အမေရိကန်အမှတ် ၃ တပ်တော်ကို ကွပ်ကဲအုပ်ချုပ်ရန် ဖြစ်သည်။ 'ဒီဒေး' ကမ်းတက်စစ်ဆင်ရေးစတင်ပြီးကတည်းက ပက်တန်နှင့် သူ၏ 'ဖိုးကံကောင်း'(အမှတ် ၃ တပ်တော်၏ အမည်ဝှက်) တို့သည် ဥရောပ တစ်ခွင်သိမ်းကြုံး၍ တိုက်ပွဲဝင်ခဲ့ပါသည်။ စစ်မျက်နှာလေးခု တစ်ပြိုင် တည်းဖြန့်၍ လမ်းကြောင်းတစ်လျှောက်ရှိ ဂျာမန်တပ်စခန်းများကို ချေမှုန်းဖျက်ဆီးပြီး ပြင်သစ်နိုင်ငံကို ကျော်ဖြတ်သွားခဲ့သည်။ ဒီဇင် ဘာလတွင် ဂျာမန်များက အာဒင်းနိစ် ၅ ထိုးစစ်ကြီး (အမေရိကန် အခေါ် ဘာဂျ်စစ်ပွဲ) စတင်ခဲ့ရာ ပက်တန်၏ တပ်တော်သည် ဘက်စတုံး ဒေသကို အသေအလဲကာကွယ်နေသော အမှတ် ၁၀၁ လေကြောင်း ချီတပ်မမှတပ်ဖွဲ့ဝင်များကို ကယ်တင်နိုင်ရန် အပြင်းအထန်ချီတက် နိုင်ခဲ့၍ များစွာလေးစားအထင်ကြီးခြင်း ခံခဲ့ရပါသည်။ ၁၉၄၅ ခုနှစ် နွေဦးပေါက်ရာသီတွင်မူ ပက်တန်၏တပ်တော်သည် ဂျာမနီနိုင်ငံ၊ ရိုင်း မြစ်၊ ဩစတြီးယားအထိ ပြင်းထန်စွာထိုးဖောက်ဝင်ရောက်သွားခဲ့ ပြီး စစ်ကြီးပြီးသောအခါ ချက်ကိုစလိုဗေးကီးယားအထိ ရောက်နေခဲ့ပေ သည်။

စစ်ပွဲအတွင်း၌ ပက်တန်နှင့်သူ၏တပ်ဖွဲ့ဝင်များသည် အံ့ခမန်း စွမ်းဆောင်နိုင်ခဲ့ ကြပါသည်။ စစ်ပွဲနှင့်ပတ်သက်၍ မှတ်တမ်းဝင်သမိုင်း ကြောင်းအားလုံးတွင် မည်သည့်တပ်တော်ထက်မဆို အမှတ် ၃ တပ်တော်သည် အမြန်ဆုံး ချီတက်နိုင်ခဲ့ပြီး နယ်မြေအများဆုံးသိမ်းပိုက် နိုင်ခဲ့သည့်အပြင် ရန်သူအများဆုံးကို ကျဆုံး၊ ဒဏ်ရာရ၊ ဖမ်းဆီးရမိ အောင် ပြုလုပ်နိုင်ခဲ့ပါသည်။

ပက်တန်သည် အသက် ၆၀ အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ အသက် ၆၀ အရွယ်ဟု သုံးနှုန်းခြင်းသည် အိုမင်းခြင်းမရှိသေးခြင်းကို ဖော်ပြလိုသောကြောင့်ဖြစ်ပါသည်။ ပက်တန်အတွက် အိုမင်းချိန် မရရှိ လိုက်ပါ။ သူ့အသက်၏ ထက်ဝက်ခန့်ရှိသူများက သူ့ကိုမီရန် အနိုင်နိုင် လိုက်နေခဲ့ရပါသည်။ သူသည် ခေတ်အမီဆုံးစစ်သည်တော်တစ်ဦးဖြစ်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK


၏။ အဘယ်ကြောင့်ဆိုသော် သူ၏အလုပ်တာဝန်များကို မည်သို့ပိုမို ကောင်းမွန်စွာနှင့် ပိုမိုဆန်းသစ်စွာ ထမ်းဆောင်နိုင်မလဲဆိုသည်ကို အမြဲ တမ်းနည်းလမ်းရှာဖွေနေသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဂျော့အက်(စ်)ပက်တန်သည် မည်သည့်အကြောင်းကြောင့် ဤကဲ့သို့ ထူးခြားသောလက္ခဏာများနှင့် ပြည့်စုံနေရပါသနည်း။ သူ့အယူ အဆများကို မည်သည့်အကြောင်းကြောင့် ယနေ့စီးပွားရေးစီမံခန့်ခွဲသူ များက အရေးတကြီး ပြောင်မြောက်သည့်စိတ်ကူးများအဖြစ် ထည့်သွင်း စဉ်းစားနေကြရပါသနည်း။ ပက်တန်သည် အနောက်ဘက်စစ်မျက်နှာ တွင် အမှတ် ၇ တပ်တော်မှူးနှင့် အမှတ် ၃ တပ်တော်မှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့စဉ် အလွန်ထူးထူးခြားခြား အံ့ဩဖွယ်ကောင်းလောက် သည့် အောင်မြင်ခဲ့မှုများကြောင့် ခေါင်းဆောင်အများစု၏ အာရုံစူးစိုက် ခြင်းခံရသူ ဖြစ်ပါသည်။ သူ့ဘဝတစ်လျှောက်လုံး လေ့လာသင်ယူခြင်း၊ လေ့ကျင့်ခြင်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း သူ၏အဓိကကျသောအခန်း ကဏ္ဍအတွက် တာဝန်ယူနိုင်ရန် သူ့ဘာသာသူ ပြင်ဆင်ခြင်းတို့ဖြ[illegible] အချိန်ကုန်လွန်ခဲ့သူဖြစ်သည်။ မည်သူမဆို စစ်ရေးစစ်ရာတွင်ဖြစ်စေ၊ စီးပွားရေးတွင်ဖြစ်စေ မိမိတို့ရွေးချယ်ထားသောနယ်ပယ်တစ်ခုခု၌ သူ့ ကဲ့သို့ အောင်မြင်မှုများ ရယူလိုသည်ဆိုလျှင် ဗိုလ်ချုပ်ကြီး ပက်တန်ထက် ပို၍ နမူနာယူစရာကောင်းသောလူ မရှိတော့ပါ။

## ပက်တန်နှင့်ပတ်သက်၍ စီးပွားရေးစီမံခန့်ခွဲသူများအတွက် အရေးကြီးသောအချက်များ

ပက်တန်၏ ဘဝတစ်လျှောက်လုံးတွင် သူသည် အချိန်နှင့်စွမ်းအား အမြောက်အမြားကို သူ ရွေးချယ်ခဲ့သည့် ပင်မသက်မွေးဝမ်းကျောင်း လုပ်ငန်း၏ ရှုပ်ထွေးနက်နဲသောအကြောင်းအရာများကို လေ့လာသင်ယူ

mgyoe.com

mgyoe.com
SAMPLE BOOK


ခဲ့သည်။ သူ့ခေတ်သူ့အခါက စစ်ဘက်ဆိုင်ရာနည်းပညာနှင့် စစ်မြေပြင်ဆိုင်ရာလက်စွဲစာစောင်များကို ကောင်းစွာနားလည် ကျွမ်းကျင်ခဲ့သည်။ စစ်ဘက်ဆိုင်ရာစာအုပ်စာတမ်းများကို အကောင်းဆုံးစစ်ဘက်စာကြည့်တိုက်ကြီးတစ်ခု ဖြစ်လာသည်အထိ စုဆောင်းသိမ်းဆည်းထားပြီး သမိုင်းစာမျက်နှာများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ထို့အပြင် သူက သမိုင်းသည် ဆက်စပ်မှုမရှိသော ဖြစ်ရပ်များ၏မှတ်တမ်းမျှသာမဟုတ်ကြောင်း သိရှိနားလည်သည့်အပြင် မည်သည့်ဖြစ်ပျက်မှုတစ်ခုမဆို ပြီးခဲ့သောအဖြစ်အပျက်များနှင့် လုံးဝဆက်စပ်နေကြောင်းကိုလည်း သိရှိခဲ့ပါသည်။ ဥပမာ- နော်မန်စစ်ဘုရင် ဝီလီယံသည် ၁၀၆၆ ခုနှစ်တွင် အင်္ဂလန်ဘုရင်ဟာရိုးအား ဟေ့စ်ဝင်းတိုက်ပွဲ၌ အောင်နိုင်ခဲ့ခြင်းသည် အင်္ဂလန်နိုင်ငံတစ်ခုလုံး၏သမိုင်းနှင့် အနာဂတ်ကို ပြောင်းလဲစေခဲ့သည် မဟုတ်ပါလော။ ဟာရိုးသာ အောင်နိုင်ခဲ့လျှင် ဖြစ်ပေါ်လာမည့် အင်္ဂလန်၏လမ်းကြောင်းသည် လက်ရှိနှင့် လုံးဝကွဲပြားခြားနားမည် ဖြစ်ပါသည်။ သမိုင်းဆိုသည်မှာ ဤပုံဤနည်းဖြင့် ပြောင်းလဲခဲ့ကြခြင်း ဖြစ်ပါသည်။

လူ့ယဉ်ကျေးမှုအလေ့အကျင့်အစဉ်အလာ၊ ဓလေ့ထုံးတမ်းများအားလုံးနှင့် လူ့သဘာဝအခြေအနေတို့သည် သမိုင်းဖြစ်ရပ်များအပြန်အလှန် ဆက်စပ်ခြင်းအပေါ်တွင် အခြေခံကြောင်း ပက်တန်က မှတ်ယူထားခဲ့ပါသည်။ လူတို့၏ သမိုင်းဝင်သောအပြုအမူများ၏ ဘုံအခြေခံအချက်များကို ရှာဖွေရာတွင် ပက်တန်ကို အဓိကဆွဲဆောင်ခဲ့သည့်အချက်မှာ စစ်ဘက်ခေါင်းဆောင်မှုဖြစ်သည်။ သူသည်စစ်ပွဲတွင် အောင်မြင်မှု၊ သို့မဟုတ် ရှုံးနိမ့်မှုကို ဖြစ်စေသည့် နက်နဲခက်ခဲပြီး သိမ့်မွေ့သောအကြောင်းအချက်များကို အမြဲမပြတ် ရှာဖွေနေခဲ့သည်။ သူ၏စူးစမ်းလေ့လာမှုသည် စစ်နည်းဗျူဟာကျင့်သုံးမှုနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ စစ်ကစားမှုနှင့် တုန်လှုပ်ချောက်ချားစေမှု၊ လက်နက်များ၏စွမ်းပကားနှင့် လူတို့၏ စိတ်ဆန္ဒပြင်းပြမှုတို့သည်လည်း ပက်တန်၏ စူးစမ်းလေ့လာမှုကို နှိုးဆွပေးသောအချက်များ ဖြစ်ကြပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ပက်တန်ကို ဘယ်လိုလူစားလဲဟု မေးလာလျှင် သူသည် စိတ်ကြိုက်စာဖတ်သမားတစ်ဦးသာဖြစ်သည်ဟု ဖြေရပါမည်။ သူ၏စာအုပ်များထဲတွင် များပြားလှစွာသော မှတ်စုများ ရေးသားထားသည်ကို တွေ့ရပါမည်။ တစ်ခါတစ်ရံ၌ စာတစ်မျက်နှာလုံးတွင် မျဉ်းသား၍ သူ၏ကိုယ်ပိုင်အတွေးအခေါ်နှင့်အယူအဆများကိုလည်း ရေးသွင်းထားလေ့ရှိပါသည်။ သူသည် ကြိုတင်ပြင်ဆင်မှု မရှိဘဲ ပုံသေတွက်နည်းနှုန်းထားများ၊ သံချပ်ကာယန္တရား၊ ဂျာမန်ကြေးစားတပ်သားများ၊ အီတလီစစ်ပွဲများ၊ ပိုလန်တို့၏စစ်နည်းဗျူဟာနှင့်နည်းစနစ်များ၊ ကျွန်းဆွယ်စစ်ပွဲအစရှိသည့် ဘာသာရပ်များနှင့်ပတ်သက်၍ တစ်ကြိမ်လျှင် နာရီများစွာကြာအောင် ဟောပြောဆွေးနွေးနိုင်သူဖြစ်သည်။ သမိုင်း ဘာသာရပ်နှင့်ပတ်သက်၍ စိတ်ထဲတွင်သိမှတ်တတ်ခြင်းသာမက ထိုဘာသာရပ်ပါအဖြစ်အပျက်များနှင့် ရင်းနှီးကျွမ်းဝင်နေခဲ့သည်။ ဂရိတို့၏ ဖာလင့်စ်တပ်ဖွဲ့နှင့် ရောမတို့၏ လီဂျင့်တပ်ဖွဲ့မှစ၍ သူကိုယ်တိုင်တွေ့မြင် သိရှိခဲ့ရသော ပထမကမ္ဘာစစ်တပ်တော်ကြီးများအထိ ပါဝင်ပါသည်။ သူသည် ဘီလီဆာရိယက်စ်၏ လက်နက်တပ်ဆင်မှုနှင့် အကာအကွယ်အသုံးပြုမှုများပြား လေးလံစွာပါဝင်ခဲ့သောမြင်းတပ်နှင့် ခေတ်သစ်သံချပ်ကာတပ်ဖွဲ့ကို နှိုင်းယှဉ်နိုင်ခဲ့သည်။ ၆ ရာစုခေတ် ဘီလီဆာရိယက်စ်၏ပရိယာယ်ကြွယ်ဝသော စစ်နည်းဗျူဟာတချို့ကိုလည်း ခေတ်သစ်တင့်ကားတပ်ဖွဲ့များတွင် သူက အမှန်တကယ် ထည့်သွင်းအသုံးပြုခဲ့ပါသည်။

ပက်တန်သည် ကောင်းစွာ စဉ်းစားတွေးခေါ်တတ်သူတစ်ဦးဖြစ်ပြီး သူ၏သမိုင်းကြောင်းနှင့် စစ်ပွဲများအပေါ် သုံးသပ်ချက်များ၌ အရာခပ်သိမ်းသောအချက်အလက်များကို အပြည့်အစုံ ထည့်သွင်းတွက်ချက်ထားသည်ကို တွေ့ရ၏။ စဉ်းစားတွေးခေါ်မှုသက်သက်သာလုပ်သော အတွေးသမားများနှင့်မတူဘဲ သူက စစ်ပွဲ၏အပြီးသတ်အရည်အချင်းသည် လှုပ်ရှားဆောင်ရွက်မှုဖြစ်သည်ဟုယုံကြည်ခဲ့သည်။ သူ၏တပ်မှ အရာရှိများကို မကြာခဏဆိုသလို သမိုင်းကိုလေ့လာခြင်း

mgyoe.com

mgyoe.com SAMPLE BOOK


၏တန်ဖိုး၊ အခွင့်အရေးနှင့်အကျိုးကျေးဇူးများအကြောင်း သင်ကြား ပေးတတ်ပါသည်။ သူသည် ညပေါင်းများစွာ မရပ်မနားတမ်း စာဖတ်ခဲ့ ခြင်းများကြောင့် မျက်လုံးရောင်ရမ်းခြင်းနှင့် မျက်စိနာခြင်းတို့ ဖြစ်တတ် သည့်အတွက် မကြာခဏ ဆေးကုသမှု ခံယူခဲ့ရပါသည်။

သို့ရာတွင် ပက်တန်၏စစ်ပညာကျွမ်းကျင်မှုသည် စာဖတ်ခြင်း နည်းလမ်းတစ်ခုတည်းမှ ရရှိခဲ့ခြင်းတော့ မဟုတ်ပါ။ သူက လေ့ကျင့် ရေးသည် တပ်မတော်တစ်ရပ်လုံးကို စုစည်းညီညွတ်စေသော အချက်ဟု ယုံကြည်သည်။ မှန်ကန်သောလေ့ကျင့်ရေးသည် လူများအား အမိန့်ကို အလိုအလျောက်နာခံတတ်စေရန် အလေ့အကျင့် ဖြစ်စေပါသည်။ ပက်တန်က စစ်မြေပြင်တွင် စစ်သားများသည် သူတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်မှာ ထိုတာဝန်များကို သူတို့က သဘာဝ အတိုင်း တုံ့ပြန်တတ်သည့်အလေ့အကျင့်ဖြစ်နေရန်လိုသည်ဟု သေသေ ချာချာ နားလည်ထားခဲ့သည်။

ပက်တန်၏ အဓိကကျွမ်းကျင်မှုနမူနာတစ်ခုမှာ အနီးကပ် လေကြောင်းအကူအသုံးပြုမှုဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကာလ အတွင်း ဥရောပစစ်မျက်နှာ၌ အမှတ် ၁၉ နည်းဗျူဟာလေကြောင်း ကွပ်ကဲမှု ဌာနချုပ်သည် ပက်တန်၏ အမှတ် ၃ တပ်တော်ကိုအကူ ပေးခဲ့သည်။ သူသည် ကြည်းတပ်စစ်ဌာနချုပ်များနှင့် လေတပ်ဌာနချုပ် များကို မြေပြင်တွင် ဒေသအားဖြင့် နီးကပ်စွာနေရာချထားပေးလေ့ ရှိသည်။ ကြည်း၊ လေ ဦးစီးအဖွဲ့နှစ်ဖွဲ့လုံးမှ အရာရှိများသည် ညစာ အတူစားပြီး အလွန်နီးကပ်စွာအလုပ်လုပ်နိုင်ရန် အားပေးခဲ့သည်။ လေ ကြောင်းပစ်ကူ၏ အရေးကြီးမှုနှင့် တန်ဖိုးရှိမှုတို့ကို သတင်းမီဒီယာများ ၌ ဖော်ပြပြီး လေတပ်သားများ၏ အားထုတ်မှုများကို အမြဲတမ်းအားပေး ချီးမြှင့်ခဲ့ပါသည်။ ရဲဘော်ရဲဘက်ခံစားမှုရှိရန် ၊ အချင်းချင်းအပြန်အလှန် လေးစားယုံကြည်မှုရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြုစုပျိုးထောင် ပေးခြင်းဖြင့် အမှတ် ၃ တပ်တော်အတွက်သာမက အမှတ် ၁၉ နည်းဗျူဟာလေကြောင်း ကွပ်ကဲမှုဌာနချုပ်အတွက်ပါ အကျိုးကျေးဇူး

mgyoe.com

mgyoe.com SAMPLE BOOK


များဖြစ်ထွန်းလာစေခဲ့သည်။

ပက်တန်၌ လူများက သူ့ကို အံ့အားသင့်သွားစေရန် ပြုလုပ်လိုသောဆန္ဒသဘောထားတော့ ရှိ၏။ အလိုအလျောက် သိတတ်သော အမြင်ဖြင့် အရာရာကို သူ့စိတ်ထဲတွင်ဖြစ်ပေါ်သည့်အတိုင်း ဆုံးဖြတ်ချက်ချတတ်သည်ဟူသော အမြင်မျိုးရရှိရန် သူကိုယ်တိုင်က ဖန်တီးပေးခြင်းကို သဘောကျ၏။ ရန်သူ၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ သူ့၌ အလိုလိုသိတတ်သော ဆဋ္ဌမအာရုံတစ်မျိုးမျိုး ရှိသယောင် ထင်ရသော်လည်း သူ့၌ စစ်ပညာ၊ စစ်သမိုင်းနှင့် စစ်ခြေခံသဘောတရားတို့က အပြည့်အဝ ရှိနေသောကြောင့် မည်သည့်အကြောင်းအရာမဆို သူ့ခေါင်းထဲ၌အသင့်ဖြစ်နေခြင်းသာ ဖြစ်ပါသည်။ သူလုပ်ရမည့်အလုပ်မှာ သူ့၌ရှိသောအရာများကို ပြန်လည်စဉ်းစားရန်သာ ဖြစ်ပါသည်။ ပက်တန်ကိုယ်တိုင် ပြောခဲ့သောစကားတစ်ခုမှာ "ဗိုလ်ချုပ်ကြီးတစ်ယောက်လုပ်ရမည့်အလုပ်မှာ သူ၏မှတ်ဉာဏ်ထဲမှ သတင်းအချက်အလက်တချို့ကို ပြန်လည်မှတ်မိပြီးအတိုတောင်းဆုံးအချိန်တွင် ရန်သူကို အများဆုံးထိခိုက်ကျဆုံးပျက်စီးစေရန် လက်ဝယ်တွင်ရှိသောနည်းလမ်းများကို အသုံးပြုခြင်းပင်ဖြစ်ပါသည်" ဟူ၏။ ယင်းကဲ့သို့သော အသိဉာဏ်ပညာနှင့် သိမှတ်တတ်ခြင်းတို့သည် ပက်တန်အား သူ၏တပ်များကို ယုံကြည်မှုရှိစွာ တပ်ဖြန့်နိုင်စွမ်းကိုဖြစ်စေခဲ့ပါသည်။ ဤအချက်ကို တချို့က မှားယွင်းစွာမှတ်ယူပြီး 'ရဲတင်းမှု' ဟု ခေါ်ခဲ့ကြပါသည်။

ပက်တန်သည် သူ၏လက်ရွေးစင်စစ်ဦးစီးအဖွဲ့ကို အမြဲတမ်းယုံကြည်လေးစားမှုရှိပြီး သူတို့ပြုလုပ်ခဲ့သည့် ယုံကြည်စိတ်ချနိုင်လောက်အောင် ခိုင်မာသည့်လုပ်ဆောင်ချက်များအပေါ် အသိအမှတ်ပြုကျေးဇူးတင်စကားဆိုလေ့ ရှိသည်။ သူ၏စစ်ဦးစီးအဖွဲ့သည် စီမံချက်များကိုပြောင်မြောက်စွာ ပြုလုပ်နိုင်ခဲ့ကြပြီး ပေါ်ပေါက်လာမည့် အခွင့်အရေးအတွက် လုပ်ဆောင်ရန် လုပ်ငန်းအနည်းငယ်သာ ချန်ထားလေ့ရှိကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


စိမ်ချက်များနှင့်ပတ်သက်၍ ပက်တန်၏လုပ်ကိုင်ပုံနမူနာ ကောင်းတစ်ခုသည် ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖြစ်ခဲ့ရပါသည်။ ဂျာမန်တို့၏ အာဒင်းနိစ်ထိုးစစ်သည် အမှတ် ၁ တပ်တော်၏ ခံစစ်မျဉ်းအတွင်းသို့ဖောက်ဝင်သွားခဲ့သည့်အချိန်က ဖြစ်သည်။ ပက်တန်သည်သူ၏ အမှတ် ၃ တပ်တော်တစ်ခုလုံးကို မြောက်ဘက်သို့ ၉၀ ဒီဂရီ လှည့်ပြီး ဘက်စတုံးဒေသကို ကာကွယ်၍ တိုက်ပွဲဝင်နေသော တပ်များနှင့် ချိတ်ဆက်မိသည်အထိ အပြင်းအထန် ချီတက်သွားသည်။ တစ်ချိန်တည်းမှာပင် ဂျာမန်ထိုးစစ်၏တောင်ဘက်တောင်ပံကို ခြိမ်းခြောက်နိုင်ခဲ့သောကြောင့် ဂျာမန်သည် ထိုးစစ်မှခံစစ်အနေအထားသို့ ရောက်ရှိသွားခဲ့ပါသည်။

ပက်တန်သည် စစ်ပွဲနှင့်ပတ်သက်၍ မည်သည့်အခါမျှ မိုက်မဲမှုနှင့်စိတ်ကူးယဉ်ဆန်သောယောင်တိယောင်ကန်း အလုပ်များကို မလုပ်ခဲ့ပါ။ ထို့အပြင် သူသည် စစ်ပွဲ၏အနိဋ္ဌာရုံများ၊ ရွံမုန်းဖွယ်အခြေအနေများကို ကောင်းစွာသိရှိပါသည်။ ပက်တန်က 'လူသားအချင်းချင်း သတ်ဖြတ်ရန်လိုလားချက်အပေါ် ချီးမွမ်းဂုဏ်ပြုလိုစိတ်များရှိနေကြသရွေ့ စစ်ပွဲဆိုသည်မှာ ညစ်ပတ်သောလုပ်ငန်းတစ်ခုသာဖြစ်နေပါသည်' ဟု တစ်ခါက ရေးသားဖော်ပြခဲ့ပါသည်။ ထို့ကြောင့် လူအများ၏ သိရှိနားလည်ထားချက်နှင့်ဆန့်ကျင်လျက် ပက်တန်သည် စစ်ပွဲကို ကြိုက်နှစ်သက်သူတစ်ယောက် မဟုတ်ပါ။ သူသည် စစ်မြေပြင်တွင် အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုများ၊ ကစင့်ကလျားဖြစ်မှုများနှင့် ချေမှုန်းဖျက်ဆီးခြင်းများကို ပြုလုပ်ရန်ဆန္ဒမရှိပါ။ သူကွပ်ကဲရသောနယ်မြေတွင် လူ့အသက်ဆုံးရှုံးရခြင်းများအတွက် စာနာမှုနှင့် အလေးအနက် တာဝန်ရှိမှုတို့ကို သူကိုယ်တိုင်ခံစားခဲ့ရပါသည်။ သို့သော်လည်း သူ၌ မယိမ်းမယိုင်သောသဘောထားခံယူချက်ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း သူနားလည်ပါသည်။ ပုဂ္ဂိုလ်ရေးခံစားချက်ကို ရှေ့တန်းတင်ခဲ့မိသော် ထိုတစ်ခဏတွင်ပင် ဗိုလ်ချုပ်ကြီးတစ်ယောက်အဖြစ် သူ၏ ထိရောက်မှုသည် ဆုံးခန်းတိုင်ရောက်မည်ဟု ခံယူထားပါသည်။

mgyoe.com

mgyoe SAMPLE BOOK

ဆရာဝန်တစ်ယောက်သည် လူနာတစ်ယောက်ကို ခွဲစိတ်ကုသနေသော အချိန်၌ ထားရှိရမည့် သဘောထားအတိုင်းဖြစ်ပါသည်။

ပက်တန်သည်အဘယ်ကြောင့် ဤရွေ့ဤမျှ နိုးကြားတက်ကြွနေရပါသနည်း။ စစ်သည်တော်ဘဝကို အဘယ်ကြောင့် ခုံမင်တွယ်တာနေရပါသနည်း။ သူ့အတွက် အောင်မြင်မှု၊ ကြီးမြတ်မှု၊ အကျိုးကျေးဇူး ရရှိနိုင်မှု၊ ဂုဏ်သတင်းကျော်ကြားမှုနှင့် လှိုက်လှဲစွာထောက်ခံအားပေး ခံရမှုတို့ကို ရရှိနိုင်သောတစ်ခုတည်းသောအခွင့်အရေးဖြစ်သောကြောင့်ဟု အခြေခံအားဖြင့် ပြောနိုင်ပါသည်။ စစ်ပွဲ၏ ကြောက်မက်ဖွယ်ရာ အဖြစ်များ၊ ဆောက်တည်ရာမရ ဖြစ်မှုများနှင့် သေကြေပျက်စီးမှုများကို သူက ရွံမုန်းသော်လည်း ကွပ်ကဲအုပ်ချုပ်ရန်တာဝန်ရှိမှုများနှင့် စိတ်လှုပ်ရှားရမှုများကိုကား သူက နှစ်သက်ပါသည်။ သူသည် ထူးထူးခြားခြား လက်တွေ့သမားတစ်ဦးဖြစ်သည်နှင့်အညီ သူ့ကိုယ်သူ ပြန်လည် သုံးသပ်ပြီး သူ၏ကောင်းမွန်သောအလေ့အကျင့်နှင့် ရဲစွမ်းသတ္တိတို့ကို စစ်ပွဲအတွက် နောက်ဆုံးလက်နက်များအဖြစ် ရှုမြင်ခဲ့သူဖြစ်သည်။ သူ၏ စကားအတိုင်းဆိုရလျှင် လူသတ်သောနည်းစနစ်များ ထပ်ဆောင်းထားသည့် လက်နက်သစ်များသည်အသုံးဝင်ပါသည်။ သို့သော်တင့်ကားတစ်စီးဖြစ်စေ၊ ရဲတင်းတစ်လက်ဖြစ်စေ လက်နက်သည် လက်နက်သာလျှင် ဖြစ်ပါသည်။ စစ်ပွဲဆိုသည်မှာ လက်နက်များဖြင့် တိုက်ခိုက်ရခြင်းဖြစ်သော်လည်း လူဖြင့်သာ အောင်နိုင်မှုကို ရယူခြင်းဖြစ်သည်ဟူ၍ ဖြစ်၏။ ထို့ကြောင့် အဆုံးစွန်စကားကိုဆိုရလျှင် ပက်တန်သည် ကြီးကျယ်သောအောင်မြင်မှုများကို ရယူပေးနိုင်သည်မှာ သူ၏တွန်းအားတစ်ခုတည်းကြောင့်မဟုတ်၊ သူ၏ပြင်းပြသောစိတ်ဓာတ်၊ သို့မဟုတ် ဆန္ဒာဓိပတိ ရှိသောကြောင့် ဖြစ်သည်ဟု ဆိုရပါမည်။ ပက်တန်သည် ကံတရားကို ယုံကြည်သူ ဖြစ်သည်။ သူ့ဘက်မှ ကံကြမ္မာက ဖေးမပေးသည်ဟု ဆိုနိုင်လောက်အောင်လည်း ကံကောင်းခဲ့ပါသည်။ သူ့အချိန်အခါက သူ့နေရာတွင်သူသည် လူမှန်နေရာမှန် ဖြစ်ခဲ့ပါသည်။

mgyoe..com

mgyoe.com SAMPLE BOOK


သူ့အတွက်ကံကောင်းခြင်းသည် တစ်စိတ်တစ်ပိုင်း ဖြစ်သော်လည်း ပက်တန်၏ ခိုင်မြဲသောယုံကြည်ချက်မှာ သူမွေးဖွားလာရခြင်းသည် တိုင်းပြည်၏ ကံကြမ္မာအတွက် ဖြစ်သည်၊ လူများကိုစိတ်ပျက်စရာအခြေအနေမှပြန်လည်ထိန်းကျောင်းကောင်းမွန်လာစေရေး ခေါင်းဆောင်မှုပေးရန်သာဖြစ်သည်ဟုဆိုပါသည်။ လူဝင်စားတစ်ဦးဟု မိမိကိုယ်မိမိ ယုံကြည်သဖြင့် ဤသည်မှာ သူ၏ဘဝတစ်သက်တာ ကံအကြောင်းတရားပါပဲဟု ခံစားလေ့ရှိသည်။

*ဖန်သားပြင်အတွင်းမှ ထိတ်လန့်စရာ ဟူသော ပက်တန်၏* ကဗျာကလေး၌ -

'အနာဂတ်ဘဝတစ်သက်တာ
ရှေးကအတိုင်း စစ်တိုက်နေရမှာ
တိုက်ခိုက်ရေးသမားဖြစ်ဖို့သေဆုံးခဲ့ရတာ
သို့သော် တစ်ဖန်ထပ်၍သေရဦးမှာ' ဟူ၍ ဖော်ပြထားပါသည်။

ပက်တန်၏ကံကောင်းခြင်း၊ တိုင်းပြည်အတွက် လိုအပ်ချက်နှင့် အနာဂတ်ကံကြမ္မာတို့သည်ဒွေးရောယှက်တင် ဖြစ်နေကြသည်။ အခွင့်အရေးပေါ်လာချိန်တွင် ပက်တန်သည် စိတ်ရောကိုယ်ပါ အဆင်သင့်ဖြစ်နေခဲ့သည်။ သူသည် စိန်ကျောက်ကဲ့သို့မာကျောသည်၊ရှုထောင့်မျိုးစုံမှ ရှုမြင်နိုင်သည်၊ ထို့အပြင် အလွန်လည်းစိတ်ဝင်စားစရာကောင်းပါသည်။ သူသည် အနှစ်သာရအားဖြင့် စစ်သည်တော်တစ်ဦးဖြစ်သည်။ လှုပ်ရှားတက်ကြွသည်။ လျင်မြန်စွာ နားလည်နိုင်စွမ်းရှိသည်။ အသိပညာနှင့် စာပေယဉ်ကျေးမှု နှံ့စပ်သည်။ အမေရိကန်ပြည်ထောင်စုအတွက် သူလိုလူတစ်ယောက် ရရှိခဲ့ခြင်းသည် ကံကောင်းလေစွတကား။

mgyoe.com

mgyoe.com
SAMPLE BOOK




ဗိုလ်ချုပ်ကြီးပက်တန်က ဗြိတိသျှဗိုလ်ချုပ်ကြီး Bernard L. Montgomery ကို စစ္စလီစစ်မျက်နှာပါလာမိုစခန်းလေဆိပ်၌ နှုတ်ဆက်နေပုံ



ဂျာမနီခေါင်းဆောင်ကြီး Adolf Hitler က ဂျပန်ဘုရင် Hirohito ထံ လက်ဆောင်ပေးရန် ရွေးချယ်ထားသောမြင်း Favery Africa ကို ဗိုလ်ချုပ်ကြီးပက်တန်က စီးနင်းနေစဉ်

mgyoe.com

mgyoe.com SAMPLE BOOK


## ဒမ္မင်း၊ ရှီယူးဟတ်နှင့် စာရင်းဇယားဖြင့် အရည်အသွေးထိန်းသိမ်းခြင်း

ဒေါက်တာဒဗလျူအက်ဒွက်ဒမ္မင်းနှင့် ဒေါက်တာဝယ်လ်တာ အေရှီယူးဟတ်တို့၏ စာရင်းဇယားဖြင့် အရည်အသွေး ထိန်းသိမ်းခြင်းနည်းလမ်းကို အမေရိကန်စီးပွားရေးသမားများသည် ပိုမိုကြီးမားသော ယှဉ်ပြိုင်မှု၊ ပိုမိုနည်းပါးသော အရင်းအမြစ်နှင့် လုပ်အားခ သက်သာပေါများသော နိုင်ငံခြားအလုပ်သမားများနှင့် ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန် သင်ယူခဲ့ကြရပါသည်။ ဤပုဂ္ဂိုလ်ကြီးနှစ်ဦးသည် ဒုတိယကမ္ဘာစစ်ကြီးကို အနိုင်တိုက်နိုင်ခဲ့သောစစ်လက်နက်ပစ္စည်းများ တပ်ဆင်ပေးနိုင်သည့် အမေရိကန်ကုန်ထုတ်လုပ်မှုပတ်ဝန်းကျင်အပေါ် တစ်စိတ်တစ်ပိုင်း ဩဇာသက်ရောက်စေသည့်နည်းလမ်းများနှင့် သင်ကြားမှုများကို ပြုလုပ်ပေးခဲ့သူများဖြစ်ကြ၏။

ဝီလီယံအက်ဒွက်ဒမ္မင်းသည် ၁၉၀၀ ပြည့်နှစ်က ဝရှမ္မင်းဒေသယာတောအိမ်ကလေးတွင် မွေးဖွားခဲ့သည်။ အသက် ၁၇ နှစ်တွင် ဝရှမ္မင်းတက္ကသိုလ် တက်ရောက်ခဲ့ပြီး ၁၉၂၁ ခုနှစ်တွင် ဘွဲ့ရခဲ့သည်။ သင်္ချာဘာသာရပ် ထပ်တိုး သင်ယူရန် နောက်ထပ်တစ်နှစ် ထိုတက္ကသိုလ်တွင် ထပ်နေခဲ့ပြီးနောက် ၁၉၂၄ ခုနှစ်တွင် ယေးလ်တက္ကသိုလ်၌ ရူပဗေဒပါရဂူဘွဲ့ ရသည်အထိ ဆက်လက်သင်ယူသည်။

၁၉၂၇ ခုနှစ်တွင် နယူးယောက်မြို့ ဘဲလ်တယ်လီဖုန်းကုမ္ပဏီ၏ လက်တွေ့သုတေသနလုပ်ငန်းများ၌ ကုမ္ပဏီစုစာရင်းအင်းပညာရှင် ဝယ်လ်တာအေရှီယူးဟတ်နှင့် တွေ့ဆုံခဲ့သည်။ ရှီယူးဟတ်က သင်္ချာနည်းပညာကို စက်မှုလုပ်ငန်း၌ ထည့်သွင်းအသုံးပြုပြီး 'စာရင်းဇယားဖြင့် ထိန်းသိမ်းနည်း' ဟုခေါ်သော စနစ်တစ်ရပ်ကို ထူထောင်ခဲ့သည်။ ဒေါက်တာရှီယူးဟတ်သည် မည်သည့်အလုပ်သမားတစ်ဦး၏ လုပ်ငန်းတာဝန်ကိုမဆို အခြေအနေအလိုက် ကန့်သတ်နိုင်ရန် စီစဉ်ခဲ့သည်။ လက်ခံနိုင်သောအမြင့်ဆုံးနှင့် အနိမ့်ဆုံးအမှတ်များကို သဘ်မှတ်ထား

mgyoe.com

mgyoe.com SAMPLE BOOK

ခြင်းဖြင့် ထိုအမှတ်များ၏ အပြင်ဘက် ရောက်ရှိနိုင်သောအခြေအနေကို စူးစမ်းသိရှိနိုင်ပြီး ဘာကြောင့်ထိုသို့ဖြစ်ရသည်ကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ အလုပ်သမားများကို သူတို့ဘာသာ သူတို့တိုးတက်မှုဇယားရေးသွင်းနိုင်ရန်လည်း လေ့ကျင့်ပေးခဲ့သည်။ ဤနည်းဖြင့် သူတို့အလုပ်ကို သူတို့ပိုမိုကောင်းမွန်စွာ ထိန်းကျောင်းသွားနိုင်ကြမည်ဖြစ်ပြီး ချိန်ဆမှုကိုလည်း သူတို့ဘာသာသူတို့ လုပ်ရန်အခွင့်အရေး ရရှိစေပါမည်။ ဒမ္မင်းက ရှီယူးဟတ်၏ ထူးချွန်စွာလုပ်ဆောင်ချက်အပေါ် "လုပ်ငန်းစဉ်တစ်ခုကို မည်သည့်အချိန်မှာစတင်၍ မည်သည့်အချိန်တွင် စွန့်ခွာရမည်ကို သိရှိစေခဲ့သည်" ဟု ဖော်ပြခဲ့ပါသည်။ ထိုအချိန်မှ စတင်၍ ဒမ္မင်းသည် နှစ်ပေါင်းများစွာကြာသည့်တိုင် ရှီယူးဟတ်နှင့် အတူတကွ နယူးယောက်မြို့တွင် လေ့လာသုတေသနပြုခဲ့ပါသည်။ ရှီယူးဟတ်၏ စာရင်းဇယားဖြင့် အရည်အသွေးထိန်းသိမ်းခြင်း သီအိုရီများသည် ဒမ္မင်း၏အလုပ်အတွက် အခြေခံအချက်များ ဖြစ်လာခဲ့ပါသည်။

စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခတစ်ဦးဖြစ်သော ဒဗလျူအယ်လင်ဝေါလစ်စ်က ဒေါက်တာဒမ္မင်းထံ စတန်းဖို့တက္ကသိုလ်အနေဖြင့် စစ်ကြီးအတွက် အကူအညီပေးရန် မည်သည့်နည်းလမ်းများရှိပါသလဲဟု စာရေးသားမေးမြန်းခဲ့ရာ ဒမ္မင်းက ချက်ချင်းပင် စာမျက်နှာလေးမျက်နှာပါရှိသော ရှီယူးဟတ်၏စာရင်းဇယားဆိုင်ရာအရည်အသွေးထိန်းသိမ်းခြင်းနည်းလမ်းများအား အင်ဂျင်နီယာများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ပွဲအတွက် ကုန်ပစ္စည်းထုတ်လုပ်ပေးနေသော ကုမ္ပဏီများသို့ သင်ကြားပေးပါရန် ပြန်ကြားခဲ့ပါသည်။ ဒမ္မင်းကိုယ်တိုင်လည်း ၁၉၄၁ ခုနှစ်၊ ဇူလိုင်လ တွင် ပထမဦးဆုံးသော 'စာရင်းဇယားဖြင့် အရည်အသွေးထိန်းသိမ်းခြင်းနည်းလမ်းများ' သင်တန်းကို ဆယ်ရက်တိုင်တိုင် သင်ကြားပို့ချပေးခဲ့ပါသည်။ ထို့ပြင် သူနှင့်သူ၏လက်ထောက်များသည် တိုင်းပြည်အနှံ့ သွားရောက်ခဲ့ပြီး အဆိုပါဘာသာရပ်နှင့် ပတ်သက်၍ သင်တန်းသားပေါင်းသုံးသောင်းတစ်ထောင်ကို သင်ကြားပေးခဲ့ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



ဤစာအုပ်တွင်မူ ဒေါက်တာဒမ္ဗင်း၏ စာရင်းဇယားဖြင့် အရည်အသွေးထိန်းသိမ်းနည်း အယူအဆအနည်းငယ်ကိုသာ ရည်ညွှန်း ဖော်ပြနိုင်ပါသည်။ ထိုအယူအဆအတွေးအခေါ်များသည် ဒေါက်တာ ရှိယူးဟတ်၏ မူလအတွေးအခေါ်များကို အခြေခံထားခြင်း ဖြစ်သော် လည်း ဒေါက်တာဒမ္ဗင်းယုံကြည်သောအယူအဆများသည် စာရှုသူများ အတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့်အရေးကြီးသောအချက်များ ပါဝင်နေသည့်အတွက် ဖော်ပြရခြင်း ဖြစ်ပါသည်။ စာလုံးမည်းဖြင့် ဖော် ပြထားချက်များသည် ဒေါက်တာဒမ္ဗင်း၏မူရင်းစာသားများ ဖြစ်ပါ သည်။

## စာရင်းအင်းဖြင့်
## အရည်အသွေးထိန်းသိမ်းနည်းမှ အချက် ၁၄ ချက်

(၁) **ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတိုးတက်ရေး ရည်ရွယ်ချက်ကို မပြောင်းလဲရ ။** ။ ယှဉ်ပြိုင်နိုင်စွမ်း ရှိစေရန်၊ စီးပွားရေး လုပ်ငန်း ဆက်လက်တည်တံ့ခိုင်မြဲစေရန်နှင့် အလုပ်အကိုင်များ ရရှိစေရန် ရည်ရွယ်ရပါမည်။

(၂) **အတွေးအမြင်အသစ်ကို လက်ခံပါ ။** ။ မိမိတို့သည် စီးပွား ရေးခေတ်သစ်သို့ ရောက်ရှိနေကြသည်။ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်ရန် စီမံခန့်ခွဲမှုသည် နိုးကြားလာရမည်။ အခြေအနေ သစ်တွင် မိမိ၏တာဝန်ရှိမှုများကို နားလည်သဘောပေါက်ရန် သင် ယူပြီး ပြောင်းလဲမှုတွင် ခေါင်းဆောင်ရပါမည်။

(၃) **အရည်အသွေး မီရန်အတွက် စစ်ဆေးမှုအပြောက်အများ ပြုလုပ်ရခြင်းအပေါ်၌ မှီခိုနေမှုကို ရပ်စဲပါ ။** ။ အပြောက်

mgyoe.com

mgyoe.com
SAMPLE BOOK


အမြားစစ်ဆေးရေးလိုအပ်ချက်ကို လျှော့ချနိုင်ရန်အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်၌ အရည်အသွေးကို ဦးစားပေး ပထမထားသော စနစ်တည်ဆောက်ပါ။

(၄) စီးပွားရေးလုပ်ငန်းများကို ရွေးချယ်ဆုံးဖြတ်ရာတွင် တန်ဖိုးဖော်ပြချက်တစ်ခုတည်းကို စံထားသောအလေ့အကျင့်ကို အဆုံးသတ်ပါ ။ ။ စုစုပေါင်းထုတ်လုပ်မှုစရိတ်အနည်းဆုံးဖြစ်ပါစေ။ ကုန်ပစ္စည်းတစ်မည်ချင်းပေးသွင်းသူများထံ အရောက်သွား၍ လေးစားမှုနှင့်ယုံကြည်မှုရှိသောရေရှည်ဆက်ဆံရေးတစ်ခု ထူထောင်ပါ။

(၅) ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုစနစ်ကို မှန်မှန်နှင့်ရာသက်ပန် တိုးတက်စေရမည် ။ ။ အရည်အသွေးနှင့်ထုတ်လုပ်နိုင်စွမ်းပါ တိုးတက်စေခြင်းဖြင့် ကုန်ကျစရိတ်များ မှန်မှန်လျော့ကျစေရပါမည်။

(၆) လေ့ကျင့်ရေးကိုဖွဲ့စည်းတည်ထောင်ပါ ။ ။ လုပ်ငန်းခွင်တွင်ဖြစ်ပါသည်။

(၇) ခေါင်းဆောင်မှုကို တည်ဆောက်ပါ ။ ။ ခေါင်းဆောင်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၏ရည်ရွယ်ချက်မှာ လူများကို ကူညီရန်နှင့် စက်ကိရိယာများ၊ တန်ဆာပလာများကို ပိုမိုကောင်းမွန်စွာ အလုပ်လုပ်နိုင်ရန် ဖြစ်သည်။ စီမံခန့်ခွဲမှုအပိုင်းတွင်ဖြစ်စေ၊ ထုတ်လုပ်မှုအပိုင်းတွင်ဖြစ်စေ ကြီးကြပ်ကွပ်ကဲခြင်းကို စစ်ဆေးပြုပြင်ရန်လိုအပ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK



(၈) ကြောက်စိတ်ကို ဖယ်ရှားပါ ။ ။ သို့မှသာ ကုမ္ပဏီအတွက်၊ သို့မဟုတ် အဖွဲ့အစည်းအတွက် လူတိုင်းက ထိထိရောက်ရောက် အလုပ်လုပ်နိုင်ပါမည်။ ဝန်ထမ်းများသည် မေးခွန်းများ မေးရန် ဖြစ်စေ၊ နေရာဌာနတစ်ခုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ ကြောက်လန့်ခြင်း မရှိစေရပါ။

(၉) ဌာနများကြား အတားအဆီးများကို ဖြိုချပါ ။ ။ သုတေသန၊ ပုံစံထုတ်၊ အရောင်း၊ ထုတ်လုပ်မှုစသည့် ဌာနများသည် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ပေါ်ပေါက်လာနိုင်သောပြဿနာများကို ကြိုတင်မြင်တွေ့နိုင်ရန် အသင်းအဖွဲ့တစ်ခုကဲ့သို့ အလုပ်လုပ်ရပါမည်။ ထုတ်လုပ်မှု၊ သို့မဟုတ် ဝန်ဆောင်မှုကို ထိခိုက်စေမည့်ကိစ္စများအတွက်လည်း အတူတကွ အလုပ်လုပ်နိုင်ရမည်။

(၁၀) လုပ်သားထုအတွက် ဆောင်ပုဒ်များ၊ တိုက်တွန်းချက်များနှင့် ပန်းတိုင်များကို လျှော့ချပါ ။ ။ ချို့ယွင်းချက် လုံးဝကင်းစင်စေရန်နှင့် ထုတ်လုပ်နိုင်စွမ်းကို အဆင့်သစ်များသို့ ရောက်ရှိစေရန် အတွက် တိုက်တွန်းခြင်းများသည် လုပ်ငန်းခွင်ဆက်ဆံရေးတွင် ရန်လိုမှုများသာ ဖန်တီးပေးနိုင်ပါသည်။ အရည်အသွေးညံ့ဖျင်းခြင်းနှင့် ထုတ်လုပ်နိုင်စွမ်းလျော့ကျခြင်းတို့၏အကြောင်းအရင်းမှာ စနစ်နှင့်သာ သက်ဆိုင်ပါသည်။ လုပ်သားထု၏ စွမ်းအားအပြင်ဘက်တွင်သာ တည်ရှိနေသည့်အရာဖြစ်သည်ကို သတိပြုရပါမည်။

(၁၁) အရေအတွက်ဖြင့် ခွဲတမ်းချထားခြင်းကို လျှော့ချပါ ။ ။ ခေါင်းဆောင်မှုက အစားထိုးဝင်ရောက်ရပါမည်။

(၁၂) လုပ်ငန်းကျွမ်းကျင်နိုင်နင်းမှု ဂုဏ်သိက္ခာ၏အတားအဆီးများကို ဖယ်ရှားပါ ။ ။ ဝါစဉ်ကြီးလိုက်စီပြီး အကဲဖြတ်ခြင်းကို

mgyoe.com

mgyoe.com SAMPLE BOOK



ဖျက်သိမ်းရမည်။ ရည်မှန်းချက်ဖြင့် စီမံခန့်ခွဲခြင်းကို လျှော့ချရမည်။

(၁၃) လူတိုင်းအတွက်ပညာရေးနှင့် ပြန်လည်လေ့ကျင့်ရေးကိုလည်းကောင်း၊ မိမိကိုယ်မိမိတိုးတက်ရေးကိုလည်းကောင်း အားပေးသည့်တက်ကြွသောအစီအစဉ်တစ်ရပ်ကို ထူထောင်ပါ။

(၁၄) အသွင်ကူးပြောင်းရေးကို ပြီးမြောက်အောင်မြင်စေရန် အရေးယူဆောင်ရွက်ပါ‧။ ။ ဤကိစ္စအတွက် ကုမ္ပဏီတွင်ရှိသောလူတိုင်း ပါဝင်လုပ်ဆောင်စေရမည်။ အသွင်ကူးပြောင်းရေးသည် လူတိုင်း၏အလုပ်ဖြစ်သည်။

## သေကောင်ပေါင်းလဲရောဂါခုနစ်မျိုး

(၁) ရာသက်ပန်နာလန်မထူဘဲ အကြီးအကျယ် ပျက်စီးဆုံးရှုံးသောရောဂါ- ရည်ရွယ်ချက် ခိုင်မြဲမှု မရှိခြင်း

(၂) ရေတိုအကျိုးအမြတ်များအတွက် အသားပေးခြင်း

(၃) လုပ်ငန်းလျာထားချက်ဖြင့်ဖြစ်စေ၊ အရည်အချင်းအဆင့် သတ်မှတ်ချက်ဖြင့်ဖြစ်စေ၊ သို့မဟုတ် နှစ်စဉ် စွမ်းဆောင်မှုကို ပြန်လည်သုံးသပ်ခြင်းဖြင့်ဖြစ်စေ အကဲဖြတ်ခြင်း

(၄) စီမံခန့်ခွဲမှုရွေ့လျားခြင်း ။ ။ အလုပ်အမျိုးမျိုးပြောင်းခြင်း၊ ဟိုခုန်သည်ခုန် ပြုလုပ်ခြင်း။

mgyoe.com

mgyoe.com 

(၅) မျက်မြင်ကိန်းဂဏန်းများဖြင့်သာ စီမံခန့်ခွဲခြင်း ။ ။ ငွေကိုသာ ရေတွက်နေခြင်း၊ မသိသေးသော၊ သို့မဟုတ် မသိနိုင်သော အချက်အလက်များကို အနည်းငယ်၊ သို့မဟုတ် လုံးဝထည့်သွင်းစဉ်းစားမှု မပြုခြင်း။

(၆) ဆေးဝါးဖိုးကုန်ကျစရိတ်များ အလွန်အကျွံသုံးစွဲခြင်း။

(၇) ပေးရန်တာဝန်ရှိသည့် ကုန်ကျစရိတ်များခြင်း၊ ဥပမာ- ရှေ့နေစရိတ်များ ။ ။ (မှတ်ချက် - နောက်ဆုံးရောဂါနှစ်မျိုးမှာ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံများနှင့်သာ ပတ်သက်ပါသည်။)

## အတားအဆီးများ

(၁) နှစ်ရှည်စီမံကိန်းနှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းကို လျစ်လျူရှုခြင်း ။ ။ အလွယ်တကူ ဆူလွယ်နပ်လွယ် အကျိုးကျေးဇူးများကိုသာ မျှော်မှန်းခြင်း။

(၂) လတ်တလောပြဿနာများ ဖြေရှင်းခြင်း၊ အလိုအလျောက် စက်ကိရိယာများ အသုံးပြုခြင်း၊ ခေတ်မီတန်ဆာပလာပစ္စည်းများနှင့် စက်ယန္တယားများကို အသုံးပြုရုံမျှဖြင့် အသွင်ကူးပြောင်းမှုဖြစ်လာလိမ့်မည်ဟု တွေးထင်ခြင်း။

(၃) နမူနာများရှာဖွေခြင်း ။ ။ နမူနာပုံစံများသည် သူ့ဘာသာသူ ဘာမျှ မသင်ကြားနိုင်ပါ။ ယင်းတို့ကို လေ့လာရန် လိုအပ်ပြီး မည်သည့်လုပ်ဆောင်ချက်သည် ဘာကြောင့် အောင်မြင်ရသည်၊ သို့မဟုတ် ဆုံးရှုံးရသည်ကို သိနားလည်ရမည်။

mgyoe.com

mgyoe.com SAMPLE BOOK


(၄) မိမိတို့၏ပြဿနာများက သူတို့နှင့်မတူဘူး ။ ။ဤကဲ့သို့ မကြာခဏ ပြောပြီး ဆင်ခြေတက်ကြခြင်း။

(၅) ကျောင်းများ၌အချိန်ကုန်လွန်ခြင်း ။ ။ ငွေရေးကြေးရေး၊ စာရင်းအင်းနှင့် စီမံခန့်ခွဲမှုသီအိုရီများကို သင်ကြားခဲ့ကြသော်လည်း စက်ရုံအလုပ်ရုံနှင့် လုပ်ငန်းခွင်တွင် သင်ယူခဲ့မှု မရှိခြင်း၊

(၆) အရည်အသွေးထိန်းသိမ်းရေးဌာနများအပေါ်သာ အားကိုးမှီခိုခြင်း။

(၇) ပြဿနာများအတွက် လုပ်သားထုကိုသာအပြစ်တင်ခြင်း ။ ။ မည်သည့်နေရာတွင်မဆို လုပ်သားများသည် ပြဿနာ၏ ၁၅ ရာခိုင်နှုန်းအတွက်သာ တာဝန်ရှိပါသည်။ စနစ်က ၈၅ ရာခိုင်နှုန်းတာဝန်ရှိပါသည်။ စနစ်သည် စီမံခန့်ခွဲသူများ၏ တာဝန်ဖြစ်သည်။

(၈) ထုတ်ကုန်ဖြစ်လာပြီးလျှင် အရည်အသွေးကို မစစ်ဆေးနိုင်ပါ ။ ။ ထုတ်ကုန်များကို စစ်ဆေးခြင်းနည်းလမ်းဖြင့် အရည်အသွေးကို မထိန်းသိမ်းနိုင်ပါ။

(၉) မှားယွင်းသောစတင်မှုများ ။ ။ အရည်အသွေးထိန်းသိမ်းခြင်းအတွက် စာရင်းအင်းနည်းလမ်းများကို တစ်ပုံတစ်ခေါင်းကြီးသင်ကြားပေးလိုက်သော်လည်း စီမံခန့်ခွဲမှုအပိုင်းက လိုက်နာကျင့်သုံးမှု မရှိခြင်း၊

(၁၀) လူကထိန်းသိမ်းရန်မလိုသောကွန်ပျူတာ ။ ။ ကွန်ပျူတာများသည် ပြဿနာများကို ညှိနှိုင်းပြင်ဆင်ပေးနိုင်ခြင်း မရှိပါ။ များသောအားဖြင့် အသုံးမပြုဖြစ်သော သတင်းအချက်အလက်

mgyoe.com

mgyoe.com SAMPLE BOOK


များကို သိလှောင်ထားခြင်းသာ ပြုလုပ်ပေးနိုင်ပါသည်။

(၁၁) သတ်မှတ်ချက်ပြည့်မီခြင်း ။ ။ ကုန်ပစ္စည်း၏အရည်အသွေးနှင့် ထုတ်လုပ်နိုင်စွမ်းပါ တိုးတက်ရန်ဆိုလျှင် ဤနည်းဖြင့် မပြည့်စုံပါ။

(၁၂) ရွှေ့ပြောင်းပုံစံကို စမ်းသပ်စစ်ဆေးခြင်းဖြင့် မလုံလောက်ပါ ။ ။ စမ်းသပ်ခန်းတွင် ပြုလုပ်သည့်အတိုင်း ထုတ်လုပ်မှုတွင် ဖြစ်မလာတတ်ပါ။

(၁၃) မိမိတို့အလုပ်ကို လာရောက်ကူညီမည့်လူသည် မိမိတို့၏ လုပ်ငန်းအားလုံးကို နားလည်ရမည် ။ ။ ဤသဘောထား ခံယူချက်သည် မမှန်ပါ။ လုပ်ငန်းတစ်ခုလုံးကို အစအဆုံးအားလုံး သိရှိသော်လည်း ယင်းလုပ်ငန်းကို မည်ကဲ့သို့ တိုးတက်စေရန် ပြုလုပ်ရမည်ကို မသိဘဲ ရှိနိုင်ပါသည်။ အလားတူလုပ်ငန်းကို တိုးတက်စေရန် မည်ကဲ့သို့ပြုလုပ်ရမည်ကို သိရှိသော်လည်း လုပ်ငန်းတစ်ခုလုံးကို မသိဘဲလည်း ရှိနိုင်ပါသည်။

ယခုအခါ၌ အမေရိကန်စီးပွားရေးသမားများသည် မာနကြီးသောမန်နေဂျာတစ်ယောက်၏ “ငါက အကြီးအကဲပဲ၊ ငါအားလုံးသိတယ်၊ မင်းက ဝန်ထမ်းပဲ၊ မင်းဘာမျှမသိဘူး” ဟူသော သဘောထားသည် အဓိပ္ပာယ်မရှိ၊ မိုက်မဲပြီး အသုံးဝင်မှု မရှိကြောင်း နားလည်လာကြပြီဖြစ်ပါသည်။

ထို့ပြင် အပေါ်မှချုပ်ကိုင်ခြင်းနှင့် ကြောက်ရွံ့စေခြင်းတို့သည် ဝန်ထမ်းအား ကိုင်တွယ်ရာတွင် အလုပ်မဖြစ်ကြောင်းလည်း သိရှိလာကြပါသည်။ ယနေ့ကမ္ဘာ့ဈေးကွက်ကို ရင်ဆိုင်ရာတွင် စီးပွားရေးစစ်သည်တော် အတွေးအခေါ်အယူအဆကို လက်ခံကျင့်သုံးရန် လိုအပ်သည်ဟူ၍လည်း စတင်နားလည်လာကြပြီဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


စစ်ဘက်တွင် အသုံးပြုသော ကျင့်ဝတ်သီလများသည် ယခင်ကအတိုင်း အနာဂတ်တွင်လည်း စီးပွားရေး လုပ်ငန်းများတွင် အသုံးပြုရန် ကောင်းမွန်နေပါလိမ့်မည်။ လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှု လက်တွေ့ကျမှု၊ စည်းမျဉ်း စည်းကမ်းလိုက်နာမှု၊ ရှင်းလင်းပြတ်သားမှုနှင့် ရည်ရွယ်ချက်တိကျခိုင်မြဲခြင်းတို့သည် မည်သည့်အခါမျှ ပုံစံပျက်ယွင်းသွားကြမည် မဟုတ်ပါ။

စစ်ဘက်ဆိုင်ရာနည်းလမ်းများကို လူအများစုထက် ပိုမိုကောင်းမွန်စွာ နားလည်တတ်ကျွမ်းသူသည် ဗိုလ်ချုပ်ကြီးဂျော့အက်စ်ပက်တန်ဂျူနီယာဖြစ်သည်မှာ ယုံမှားသံသယရှိစရာမလိုပါ။ သူကိုယ်တိုင်ကလည်း စီးပွားရေးလုပ်ငန်းနှင့် စစ်ရေးလုပ်ငန်းများသည် နီးစပ်သော ညီအစ်ကိုဝမ်းကွဲများဖြစ်ကြောင်း သွယ်ဝိုက်၍ နားလည်ထားခဲ့ပါသည်။ သူ၏အတွေးအခေါ်နှင့် အယူအဆများသည် ၁၉၄၀ ပြည့်လွန်နှစ်များကကဲ့သို့ပင် ယခုတိုင်လည်း စစ်ရေးလုပ်ငန်းများတွင် ဆက်စပ်အကျုံးဝင်နေဆဲ ဖြစ်ပါသည်။ ထို့ပြင် သူ၏အယူအဆများသည် ခက်ခဲရှုပ်ထွေးလှသော ယနေ့စီးပွားရေးအသိုက်အဝန်းအတွက်လည်း ယခင်ကထက်ပင်ပို၍ ဆက်စပ်မှုရှိနေကြောင်း တွေ့ရှိလာရပါသည်။ အကယ်၍ ပက်တန်ကသာ စစ်ရေးထက် စီးပွားရေးကို သူ၏သက်မွေးမှုလုပ်ငန်းအဖြစ် ရွေးချယ်ခဲ့မည်ဆိုလျှင် သူသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် သြဇာအာဏာအရှိဆုံး စီးပွားရေးလုပ်ငန်းရှင်ကြီးများအနက် တစ်ဦးဖြစ်လာခဲ့မည်မှာ မလွဲပါ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ဗိုလ်ချုပ်ကြီးပက်တန်၏

# တစ်မိနစ် အမှာစကားများ

mgyoe.com

mgyoe.com
SAMPLE BOOK


## တပ်မှူးသည် တပ်ကို ကွပ်ကဲရမည်

တပ်တော်တစ်ခု၊ သို့မဟုတ် တပ်မတစ်မ၊ သို့မဟုတ် တပ်ရင်းတစ်ရင်း၊ သို့မဟုတ် တပ်ခွဲတစ်ခွဲ၊ သို့မဟုတ် တပ်စုတစ်စု၊ သို့မဟုတ် မည်သည့် အသေးစားသီးသန့်အဖွဲ့ကလေးတစ်ဖွဲ့ကိုမဆို ကွပ်ကဲအုပ်ချုပ်ရန် တာဝန်ပေးလိုက်ပြီဆိုလျှင် မိမိသည်တာဝန်ခံကွပ်ကဲအုပ်ချုပ်ရသူ တစ်ဦးအဖြစ် ပြုမူလုပ်ဆောင်ရပါမည်။ ထိုအဖွဲ့သည် သင်၏ ကွပ်ကဲမှု အောက်တွင် တစ်ချိန်လုံးရှိနေစေရန် သေချာစေရမည်။ ထို့ပြင် ထိုအဖွဲ့ နှင့်ပတ်သက်၍ ဘာတွေဖြစ်နေသည်ကိုလည်း သိရှိနေရမည်။ ကွပ်ကဲမှု လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းသည် မိမိ၏အမိန့်များအား လိုက်နာဆောင် ရွက်နေစေရေးနှင့် ပေးအပ်သောရည်မှန်းချက်တာဝန်ပြီး မြောက်စေ ရေးတို့အတွက် သေချာစေရန်သာ ဖြစ်သည်။ အမိန့်တစ်ရပ်ကို ထုတ်ပြန် ပြီးပြီဆိုလျှင် လက်အောက်ကလူများအား သူ့ဘာသာသူ လုပ်သွားကြစေ ရန် လွှတ်ထားလိုက်ပါ။ သို့သော် မိမိသည် တာဝန်ခံကွပ်ကဲသူဖြစ် ကြောင်းကို လည်းကောင်း၊ ရည်မှန်းချက်အပြည့်အဝ အကောင်အထည် ပေါ်လာရန် မျှော်လင့်ကြောင်းကိုလည်းကောင်း၊ ထိုသို့ ပြီးမြောက် အောင်မြင်ရေးအတွက် သူတို့တွင်လည်း တာဝန်ရှိသည်ဟူသော အချက် ကိုလည်းကောင်း ကောင်းစွာ သိရှိစေရပါမည်။

mgyoe.com

mgyoe.com SAMPLE BOOK


# အင်တိုက်အားတိုက်ပြုလုပ်ခဲ့၍ ယခုရရှိသော အဖြေကောင်းတစ်ခုသည် နောက်ဆယ်မိနစ်အကြာတွင် ရရှိမည့်စံပြုအဖြေထက်သာသည်

လောကကြီးတွင်မည်သည့်အရာမျှ ပြည့်စုံလုံလောက် ကောင်းမွန်သည်ဟူ၍ မရှိပါ။ အထူးသဖြင့် ပျက်စီးဆုံးရှုံးမှုများဖြင့် ဖွဲ့စည်း ဖြစ်ပေါ်နေသောစစ်ပွဲအတွင်းကာလ၌ ပို၍ မရှိနိုင်ပါ။ စစ်ပွဲအတွင်းကာလ၌ ချက်ချင်း အသုံးပြုနိုင်သော ကောင်းမွန်သည့်အဖြေတစ်ခုသည် လူအသက်များ၊ ပစ္စည်းကိရိယာများနှင့် အချိန်များ ဆုံးရှုံးခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ မိမိစီမံချက်များကို ပြန်လည်စဉ်းစားသုံးသပ်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ကို အချိန် အကန့်အသတ်မရှိ အသုံးပြုမည်ဆိုလျှင် ဘယ်တော့မှ စတင်၍ စစ်တိုက်နိုင်လိမ့်မည် မဟုတ်ပါ၊ မိမိတစ်ဦးတည်း၏ စိတ်ထဲမှာပဲ စစ်ပွဲနိုင်နေပါလိမ့်မည်။ ထို့ကြောင့် စီမံချက်ပြုလုပ်ခြင်းလုပ်ငန်းစဉ်ကို ရပ်တန့်ပြီး ၎င်းစီမံချက်ကို လက်တွေ့ထိရောက်စွာ အသုံးပြုရမည့်အချိန်တစ်ချိန်တော့ ရှိရပါမည်။ စိတ်တိုင်းကျ ပြည့်စုံလုံလောက်သည့်အခြေအနေတစ်ခုသို့ ရောက်ရှိရန်၊ သို့မဟုတ်ပြည့်စုံလုံလောက်သည့် စီမံချက်တစ်ခုရရှိရန် ဆက်လက်စောင့်ဆိုင်းနေမည်ဆိုပါက ရန်သူက အခြေအနေဖန်တီးမှုကိုရယူပြီး မိမိကို စတင်တိုက်ခိုက်လာပါလိမ့်မည်။ မိမိကို ခံစစ်အနေအထားသို့ ရောက်ရှိစေမည်ဖြစ်သည့်အပြင် ဖျက်ဆီးချေမှုန်းပစ်ရန်လည်း လုပ်လာနိုင်ပါသည်။ အခြေအနေသုံးသပ်ခြင်းကို အလွန်အကျွံပြုလုပ်ခြင်းသည် လှုပ်ရှားမှုမပြုနိုင်သောတုံ့ဆိုင်းခြင်းကိုဖြစ်ပေါ်စေနိုင်ကြောင်းသတိပြုအပ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ချွေးထွက်များမှ သွေးထွက်နည်းမည်

စစ်သားများကို လေ့ကျင့်ပေးရာတွင် သူတို့လုပ်ရမည့်အလုပ်ကို သူတို့၏ ပင်ကိုစရိုက်သဖွယ်ဖြစ်လာသည်အထိ လေ့ကျင့်ပေးရပါမည်။ ထို့ကြောင့် လေ့ကျင့်ရေးနည်းလမ်းသည်တချို့တည်းသာ ရှိပါသည်။ စစ်သားတစ်ဦးအား သူ၏အလုပ်ကို မည်ကဲ့သို့ပြုလုပ်ရမည်ကို ပြသပေးရမည်။ ထို့နောက် ထိုအလုပ်ကို ထပ်ကာတလဲလဲ လုပ်စေရမည်။ စစ်သားများ၏သင်ယူမှုသည် ကိုယ်တိုင်ပြုလုပ်ခြင်းဖြင့်သာ သင်ယူရ မည်။ သူတို့၏အလုပ်များကို မှန်မှန်ပြုလုပ်စေခြင်းဖြင့် သူတို့၏လုပ်ဆောင်မှုသည်ပုံမှန်အလေ့အကျင့်ဖြစ်စေရမည်။ သူတို့၏စရိုက်လက္ခဏာအတွင်း၌ အရိုးစွဲသွားစေခြင်းဖြင့် သူတို့၏အလုပ်များကို မျက်စိ မှိတ်၍ လုပ်နိုင်စေရမည်။ သတိလက်လွတ်ဖြစ်ခြင်း၊ သို့မဟုတ် သိမှုအဆင့်ဝိုးတဝါးဖြစ်နေသည့်အချိန်တွင်ပင် လုပ်ဆောင်ရန်ရှိသည်များကို လုပ်နိုင်လျှင် အခြားအချိန်များ၌ ပိုမိုကောင်းမွန်စွာပြုလုပ်နိုင်ပါမည်။အနားတစ်ဝိုက်၌ ဗုံးများပေါက်ကွဲနေခြင်း၊ ရန်သူ့လေယာဉ်မှ စက်သေနတ်ဖြင့်တရစပ်ဆွဲနေခြင်း၊ မိမိကို ချိန်ရွယ်၍ ပစ်ခတ်ခံရခြင်းနှင့် ပရမ်းပတာဖြစ်နေသော စစ်မြေပြင်၌ အမြဲတမ်းတွေ့နေရသော ရှုပ်ထွေးခြင်းနှင့် ဝရုန်းသုန်းကား အခြေအနေတို့အောက်တွင် တွေဝေ ယိမ်းယိုင်မှုမရှိဘဲ အလုပ်လုပ်နိုင်သည်အထိ စစ်သားတစ်ယောက်ကို လေ့ကျင့်ပေးထားခြင်းနှင့် လေ့ကျင့်ထားသည့်အတိုင်း စောင့်ထိန်းရန် စည်းကမ်းတင်းကျပ်ခြင်းတို့ ပြုလုပ်ထားရပါမည်။ ထို့ပြင် မည်သည့်သေခြင်းတရားကမျှ သူ၏ရည်မှန်းချက်တာဝန် ပြီးမြောက်အောင်မြင်ရေးကို တားဆီးခြင်း မပြုနိုင်သည်အထိ စစ်သားတစ်ယောက်ကို လေ့ကျင့်ပေးထားရ

mgyoe.com

mgyoe.com
SAMPLE BOOK


မည်ဖြစ်သည်။ ဇဝနညာဏ်၏ စံသည် တိုတောင်းတိကျခြင်း ဖြစ်ပါက စစ်သားတစ်ယောက်အတွက် သင်ယူလေ့ကျင့်ခြင်း၏ အသည်း နှလုံး သည် ထပ်ကာထပ်ကာ ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။

**စာရေးသူ၏အကြံပြုချက်**

အမေရိကန်နိုင်ငံ၏စီးပွားရေးလောကတွင် အကြီးမားဆုံး ပြဿနာတစ်ခုမှာ လေ့ကျင့်သင်ကြားရေး အားနည်းချက်ပင်ဖြစ်ပါ သည်။ မကြာခဏ တွေ့နေရသည်မှာ စီမံခန့်ခွဲရေးအပိုင်းက အလုပ် နေရာသို့ ကွင်းဆင်းလေ့ကျင့်ခြင်းကို ရှောင်ရှားလိုကြသည်။ အဘယ် ကြောင့်ဆိုသော် ယင်းသို့လေ့ကျင့်ရခြင်းသည် အကုန်အကျများခြင်း၊ သို့မဟုတ် အလုပ်သမားသည် ထုတ်လုပ်မှုမဖြစ်ပေါ်စေလျှင် ကုမ္ပဏီ အတွက် အချိန်ကုန်မခံသင့်ဟု ယူဆသောကြောင့်ဖြစ်သည်။ ဤသဘော တရားကို လက်ကိုင်ထားသောကုမ္ပဏီသည် အလုပ်သမားအသစ်များ အား နဂိုကတည်းက ကျကျနန လေ့ကျင့်မထားရသော အခြားအလုပ် သမားများထံမှ သင်ယူပြီး အလုပ်လုပ်ကြရ၏။ မကောင်းသောအလေ့ အကျင့်များကိုမူ သူတို့လက်ခံရရှိသွားကြသော်လည်း လုပ်ငန်းနှင့် ပတ် သက်၍ ပြည့်ပြည့်ဝဝ မသင်ယူနိုင်ခဲ့ကြပါ။ အကယ်၍ ကုမ္ပဏီတစ်ခု၏ စီမံခန့်ခွဲသူများက နည်းစနစ်အသစ်၊ ပစ္စည်းကိရိယာအသစ်များနှင့် ပတ်သက်၍ စနစ်တကျ သင်ကြားပေးရန် အချိန်မပေးလိုပါက ထိုမိုက်မဲ သောအယူအဆကို မလိုက်နာသော ပြိုင်ဘက်ကုမ္ပဏီက ရေရှည်တွင် အသာရသွားမည်မှာသေချာပါသည်။ ဝန်ထမ်းများကိုလေ့ကျင့်ပေးသော ကုမ္ပဏီသည် လတ်တလောသာမက အနာဂတ်အတွက်ပါ အခွင့်အရေး အသာရရှိမည် ဖြစ်ပါသည်။ နည်းပညာများသည် အမြဲတမ်းပြောင်းလဲ နေပါသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် နည်းပညာများနှင့်အတူ လိုက်ပါပြောင်းလဲခြင်းမပြုပါက တဖြည်းဖြည်း နာကျင်မှုဝေဒနာခံစား လာရပြီး နောက်ဆုံးတွင် ပျက်စီးသွားမည်ဖြစ်ပါသည်။ ဒမွင်း၏ ၁၄ ချက်မှ အမှတ် ၆ နှင့် အမှတ် ၁၃ ကို ရည်ညွှန်းပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မရှိလျှင် မဖြစ်သောလူ မရှိပါ

လုပ်ငန်းအစီအစဉ်အပြောက်အပြားတွင် မိမိက မည်မျှအထိ အဓိက ကျသည်ကို သိလိုပါလျှင် ရေအပြည့်ရှိသော စည်ပိုင်းအတွင်းသို့ မိမိ၏ လက်တစ်ဖက်ကို ပခုံးအထိရောက်အောင် ထိုးနှစ်လိုက်ပါ။ ထို့နောက် လက်ကိုပြန်ဆွဲထုတ် လိုက်ပြီးဖြစ်ပေါ်လာသောအပေါက်ကို ရှာဖွေ ကြည့်ပါ။ မရှိလျှင်မဖြစ်သောလူမရှိကြောင်း တွေ့ရပါမည်။ ကွပ်ကဲမှု ဌာနချုပ်ထိပ်ပိုင်းတွင်ရှိသော ပုဂ္ဂိုလ်များသတိထားရမည်မှာ အချိန်သာ ဖြစ်ပါသည်။ တပ်မှူးတစ်ဦးသည် သူ၏တပ်သားများကို ဦးဆောင် ရန်ကိစ္စမှာ သူ၏အလုပ်ဖြစ်သည်။ ပစ်ခတ်မှုများဖြစ်ပွားနေသော ရှေ့ တန်းနေရာတွင် သူရှိနေရမည်မှာလည်း သူ၏အလုပ် ဖြစ်သည်။ ကွပ်ကဲ မှုဌာနတစ်ခု၏ တာဝန်ရှိမှု၊ လိုအပ်ချက်များနှင့် ပင်ကိုသဘာဝ အန္တရာယ်ရှိမှုများကို လက်မခံနိုင်လျှင်တော့ ပြောစရာမလိုတော့ပါ။ ပခုံးပေါ်တွင် ကြယ်ပွင့်များစွာရှိနေသော ပုဂ္ဂိုလ်တစ်ယောက်သည် ပို၍ အရေးကြီးသည်ဟု မဆိုလိုပါ။ သူသည် ပိုမိုကောင်းမွန်သော အလုပ် တစ်ခုကို ရရှိထားခြင်းသာ ဖြစ်ပါသည်။

**စာရေးသူ၏အကြံပြုချက်**

စီးပွားရေးပတ်ဝန်းကျင်တွင် မန်နေဂျာများစွာ (အထူးသဖြင့် ထိပ်ပိုင်းအလွှာတွင် ရှိနေကြသူများ) သည် သူတို့ကိုယ်သူတို့ လုပ်သား ထုမှ ခွဲခြားထားပြီး သူတို့၏အတွင်းရေးမှူးများကိုသာ ကြားခံအဖြစ် အသုံးပြုနေကြသည်။ သူတို့သည် အရေးကြီးသောပုဂ္ဂိုလ်များဖြစ်ကြ၍

mgyoe.com
SAMPLE BOOK


သာမညဝန်ထမ်းများနှင့် အရောတဝင်နေရန်မသင့်ဟု ထင်ကြသည်။ သူတို့သည် အစားထိုး၍ မရနိုင်သူများဖြစ်၍ သူတို့တစ်ခုခု ဖြစ်သွားလျှင် ကုမ္ပဏီကြီးသည် ချက်ချင်းလှုပ်ရှားမှုရပ်တန့်သွားလိမ့်မည်ဟုလည်း မြင်ကြသည်။ အမှန်တရားသည် သူတို့ထင်မြင်ချက်၏ ဆန့်ကျင်ဘက်ဖြစ်သည်။ အကယ်၍ကြီးမားသော ကော်ပိုရေးရှင်းကြီးတစ်ခု၏ ဒါရိုက်တာလူကြီးများအားလုံး လေယာဉ်ပျက်ကျ၍ သေဆုံးသွားခဲ့လျှင်ပင် မူလတည်ရှိပြီးဖြစ်သော ယန္တရားကြောင့် ကုမ္ပဏီသည် အလွယ်တကူ ဆက်လက်ရှင်သန်နေနိုင်မည်ဖြစ်ပါသည်။ ကုမ္ပဏီကို ဆက်လက်ရှင်သန်နေစေရန် လိုအပ်ချက်မှန်သမျှကို ပြုလုပ်ပေးကြမည့် လူများမှာ ဝန်ထမ်းများဖြစ်ကြပါသည်။ အဖွဲ့အစည်းတစ်ခုတွင် ထိပ်ပိုင်းစီမံခန့်ခွဲသူများကို အစားထိုးရန် အချိန်အနည်းငယ်သာ လိုအပ်မည်ဖြစ်ပြီး လူသစ်များက အကြံအစည်အသစ်များဖြင့် ဝင်လာကြပါလိမ့်မည်။ ကုမ္ပဏီတွင် ဖြစ်ပေါ်လာသော ရာထူးနေရာလပ်များအတွက် ရာထူးတိုးပေးရန်ကိစ္စသည် အဆင့်အတန်းအားလုံးအတွက်ကား ကောင်းမွန်သော အခွင့်အရေးဖြစ်ပါလိမ့်မည်။

mgyoe.com

mgyoe.com SAMPLE BOOK


# လူ ရှိနေသမျှ စစ်ပွဲသည် ရှိနေပါမည်

တိုက်ပွဲဆိုသည်မှာ လူတိုင်းတက်ကြွစွာ ပါဝင်နိုင်သည့်အခန့်ညားဆုံး ယှဉ်ပြိုင်ပွဲဖြစ်သည်။ အငြင်းပွားမှုဆိုသည်မှာ လူသားမျိုးနွယ်တို့၏ အခြေခံသဘာဝတရား အစိတ်အပိုင်းတစ်ခုဖြစ်သည်။ စစ်ပွဲ မရှိသည့် အချိန်တွင် အငြင်းပွားခြင်းနှင့် ယှဉ်ပြိုင်ခြင်းတို့သည် အရွယ်ရောက် ပြီးသည့် လူများအတွက် ကစားပွဲများ ဖြစ်သည်။ အငြင်းပွားမှုတွင် အများဆုံးလိုအပ်ချက်ရှိသူများသည် အနိုင်ရရှိရန် အကောင်းဆုံးနှင့် အပြင်းထန်ဆုံးအားထုတ်ကြပါလိမ့်မည်။ စစ်ပွဲ၊ သို့မဟုတ် ဘော့စ်ဘော ကစားပွဲ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုတွင် အောင်နိုင်သူသည် အောင်မြင်မှုရအောင် ကစားမည်ဖြစ်ပြီး ရှုံးနိမ့်မှုကို ရွံမုန်းလိမ့်မည် ဖြစ်သည်။ မိမိ၏ကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်သူ မှန်သမျှ ကြည်ကြည်သာသာ အရှုံးပေးမည့်လူ မဖြစ်စေရပါ။ ကစားပွဲတစ်ခုတွင် လူတစ်ယောက်၏ ရှုံးနိမ့်မှုသည် သူ၏အတ္တစိတ်ကိုသာ အမာရွတ်ဖြစ် စေသော်လည်း စစ်ပွဲတွင်မူအသက်ပေါင်းများစွာ၊ စီးပွားရေး လုပ်ငန်း များစွာ အပါအဝင် နိုင်ငံတစ်ခုလုံးဆုံးရှုံးခြင်းဖြစ် နိုင်ပါသည်။ စစ်ဆန့်ကျင်ရေးဝါဒီများကမူ ယခင်စစ်ကြီးပြီးကတည်းက အခြေအနေ များအားလုံး ပြောင်းလဲခဲ့ပြီ၊ ယခုအခြေအနေနှင့်မတူတော့ဘူး ဟူ၍သာ ပြောနေကြပါသည်။ သူတို့က ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် အတူတကွ အလုပ်လုပ်ကြမည့်အဖွဲ့အစည်းကြီးတစ်ခုသာ လိုသည်ဟု ဆိုကြပါ သည်။ ရာစုနှစ်ပေါင်းများစွာ သမိုင်းကျမ်းကျေခဲ့ကြပြီးနောက် စစ်ဆန့်

mgyoe.com

mgyoe.com
SAMPLE BOOK


ကျင်ရေးဝါဒီများက သူရဲဘောနည်းစွာဖြင့် သူတို့ မတိုက်ခဲ့ကြသော စစ်ပွဲများကို အဆုံးသတ်စေရန်အတွက်မူ လူ့အသက်သောင်းပေါင်း များစွာကို သေမိန့်ချခဲ့ကြသည်။ စစ်ဆန့်ကျင်ရေးဝါဒီများသည် အဆိုးဝါး ဆုံးလိမ်ညာသူများ ဖြစ်သည်။ မိမိနိုင်ငံအတွက် ကိုယ်တိုင် ပါဝင်တိုက် ခိုက်ရန် ငြင်းပယ်ခဲ့သည့်အပြင် ဘာကြောင့်တိုက်ခိုက်ရန် လိုအပ်သည် ဆိုသည့်အချက်ကိုလည်း ကာကွယ်ထားကြသည်။

## စာရေးသူ၏ အကြံပြုချက်

ဤကမ္ဘာမြေပေါ်တွင် လူသားဟူ၍ ရှိနေသမျှကာလပတ်လုံး အလုပ်လုပ်ရန်လိုအပ်ချက်သည် ရှိနေရမည်သာဖြစ်သည်။ စီးပွားရေး လောကတွင် အကြီးဆုံးဖြစ်နိုင်ဖွယ်ရှိသည့်ပြဿနာမှာ စီးပွားရေး လုပ်ငန်းလုပ်ရသည့် စစ်မှန်သောအကြောင်းရင်းသည် ငွေရှာခြင်းမျှသာ မဟုတ်ကြောင်း နားလည်စေရန် စီမံခန့်ခွဲနိုင်သောစွမ်းရည် မရှိခြင်းပင် ဖြစ်ပါသည်။ သာမန်လူသားတစ်ယောက်အတွက် ဤစကားသည် ထူးဆန်းနေပြီး ရန်လိုမှုရှိကောင်း ရှိမည်ဖြစ်သော်လည်း မှန်ကန်သော စကားဖြစ်ပါသည်။ ယနေ့စီးပွားရေးလုပ်ငန်း၏အဓိကရည်ရွယ်ချက် သည် တီထွင်ဖန်တီးခြင်း၊ သုတေသနပြုခြင်း၊ စဉ်ဆက်မပြတ်တိုးတက် စေခြင်းနှင့် ပစ္စည်းကိရိယာများ ထိန်းသိမ်းပြုပြင်ခြင်းတို့ဖြင့် နိုင်ငံတော် အတွင်းနေထိုင်ကြသောအလုပ်သမားများအတွက်အလုပ်အကိုင်များ ရရှိစေရန်နှင့် စီးပွားရေးလောကအတွင်း မိမိအဖွဲ့အစည်းကို ဆက်လက် ရှင်သန်နေရန်ဖြစ်ပါသည်။ သို့သော် စီမံခန့်ခွဲသူများသည် လေးလပတ် အကျိုးအမြတ်များရရှိရေးအတွက် အထူးအလေးအနက်ထားကြပြီး နောက်ငါးနှစ်ဆယ်နှစ်ခရီးအတွက် စီမံကိန်းကို အလေးအနက်ထားမှု နည်းနေကြပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ကျင်လည်နေကြသူ အားလုံးသည် ဤတစ်ချက်တည်းကို သတိထားမိလျှင်ပင် စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရီးရှည်၏အစကို ရောက်ရှိ

mgyoe.com

mgyoe.com
SAMPLE BOOK


ပြီဟုဆိုနိုင်ပါသည်။ ဒမ္မင်း၏အချက် ၁၄ ချက်မှ ပထမအချက်ကို လည်းကောင်း၊ သေကောင်ပေါင်းလဲရောဂါခုနစ်မျိုးမှ ပထမနှင့် ဒုတိယအချက်ကို လည်းကောင်း၊ အတားအဆီးများမှ ပထမအချက်ကို လည်းကောင်း ရည်ညွှန်းပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


# ပြဿနာ၏အစကို နိုးကြားစွာ သတိရှိပါ

ခေါင်းဆောင်ကောင်းတစ်ယောက်သည် မိမိ၏အဖွဲ့အစည်းအတွင်း၌ ဘာတွေဖြစ်နေသည်ကို အမြဲတမ်းသတိထား ကြည့်နေရပါမည်။ ပြဿနာတစ်ရပ်ကို ရှေ့သို့ တိုးမလာမီ ရပ်တန့်သွားစေရန်အတွက် အစကတည်းက မြင်နိုင်ရမည်။ ဤသည်မှာ တပ်မှူးတစ်ဦး၏ အရေးအကြီးဆုံးတာဝန်တစ်ရပ် ဖြစ်သည်။ ပြဿနာကို အသေအချာသိရှိရန် လိုသကဲ့သို့ ပြဿနာသည်မည်သည့်နေရာ၌ မြစ်ဖျားခံသည်ကိုလည်း အသေအချာသိရန်လိုပါသည်။ အရင်းအမြစ်နေရာကို တိုက်ခိုက် ပစ်လိုက်ခြင်းဖြင့် ပြဿနာကို လမ်းတစ်ဝက်တွင် ရပ်တန့်သွားစေမည်ဖြစ်သည်။ သို့မဟုတ်ပါက ရန်သူက သင့်ကို ပတ်ပတ်လည်မှ ဒုက္ခပေးနေပြီး ပြဿနာတက်နေသောနေရာသို့သာ သင်က တိုက်ခိုက်မိစေရန် ဖိအားပေးခြင်းဖြင့် အခြေအနေကို သူက ထိန်းချုပ်နိုင်ရန်ပြုလုပ်လာလိမ့်မည်ဖြစ်သည်။ လွယ်လွယ်ရှင်းရှင်း ပြောရလျှင် သင်သည် ရောဂါဖြစ်သောနေရာကို တိုက်ခိုက်ရမည်ဖြစ်ပြီး ရောဂါလက္ခဏာကို တိုက်ခိုက်ရန် မဟုတ်ပါ။ ရည်မှန်းချက်သည် မြွေတစ်ကောင်၏ကိုယ်လုံးအား တဖြည်းဖြည်းချင်း ရိုက်သတ်နေရန် မဟုတ်၊ တစ်ချက်တည်းဖြင့် ခေါင်းဖြတ်လိုက်နိုင်ရန် ဖြစ်ပါသည်။

mgyoe.com